# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက် | ၂၀၂၃ ခုနှစ်၊ ဧပြီ ၁၇ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၁၉၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနားတွင် ယိမ်းအဖွဲ့များ၏ ကပြသီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

## မြန်မာ့ရိုးရာမဟာသင်္ကြန် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနားကျင်းပ

# မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ခဲ့

နေပြည်တော် ဧပြီ ၁၆

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို ယနေ့ သင်္ကြန်အတက်နေ့ နေ့လယ်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်သည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➡*

**ယနေ့ ဖတ်စရာ**

**သင်္ကြန်အတက်နေ့တွင် နေပြည်တော် လမ်းလျှောက်သင်္ကြန်၌ အတာရေသဘင် ပွဲတော်နွှဲပျော်ကြသူများဖြင့် အထူးစည်ကား**

ပြည်တွင်းသတင်း စာ ၉



**မြန်မာ့ရိုးရာအတာသင်္ကြန်(အတက်နေ့)တွင် မန္တလေးမြို့လုံးအနှံ့ သင်္ကြန်ရေသဘင်ပွဲတော် နွှဲပျော်ကြသူများ၊ အပန်းဖြေ အနားယူကြသူများဖြင့် တစ်ခဲနက်စည်ကား**

ပြည်တွင်းသတင်း စာ ၁၂



# မင်္ဂလာတရားတော်နှင့်အညီ

မြန်မာနှစ်သစ်ကူးပြောင်းသည့် သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြပြီးနောက် နှစ်သစ်၏ အစအဦးနေ့ဖြစ်သော နှစ်ဆန်းတစ်ရက်နေ့သည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့ ကုသိုလ်ကောင်းမှုအထူးပြုလုပ်ရာ နေ့ထူးနေ့မြတ်ဖြစ်သည်။ မိမိတို့ နေထိုင်ရာဒေသများအလိုက် ဘုရားကျောင်းကန် ဇရပ်များတွင် ရှင်းလင်းခြင်း၊ ဘုရားစေတီများကို ရေသပ္ပာယ်ခြင်း၊ ထုံးသင်္ကန်းရွှေသင်္ကန်းများ ကပ်လှူခြင်း၊ ရောင်တော်ဖွင့်ခြင်း၊ ဥပုသ်သီလစောင့်တည်ခြင်း၊ သက်ကြီးဘိုးဘွားများကို ဦးခေါင်းဆေးလျှော်ခြင်း၊ ခြေသည်းလက်သည်း ညှပ်ပေးခြင်းနှင့် ပူဇော်ကန်တော့ခြင်း၊ ဇီဝိတဒါနအဖြစ် သားငှက်တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်း၊ စတုဒိသာကျွေးမွေးပေးလှူခြင်းစသည့်ကုသိုလ်ကောင်းမှုတို့ကို နှစ်သစ်အစ နှစ်ဆန်းတစ်ရက်အခါသမယတွင် အထူးတလည်ပြုလုပ်ကြသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ မင်္ဂလာအခါတော်နေ့လည်းဖြစ်သည်။ ညောင်တုန်းရွှေဟင်္သာတောရစ်ကျောင်း ဆရာတော်ကြီး၏ "သုံးပုံပိဋကတ်၊ အဆီမြတ်၊ မှတ်လော့မင်္ဂလာ" ဟူသော အဆိုအမိန့်နှင့် အညီ မြတ်စွာဘုရားဟောကြားခဲ့သော ပိဋကတ်သုံးပုံ တရားတော်တို့၏ အနှစ်ချုပ်သည် ၃၈ ဖြာသော မင်္ဂလာတရားတော်တို့တွင် ပါဝင်လျက်ရှိသည်။ ရှေးခေတ်မြန်မာ့ပညာရေးစနစ်ဖြစ်သည့် ဘုန်းတော်ကြီးသင်ပညာရေးတွင် မင်္ဂလာတရားတော် (မင်္ဂလသုတ်) သင်ကြားမှုလည်း တစ်ခန်းတစ်ကဏ္ဍ ပါဝင်လျက်ရှိရာ ကလေးဘဝတွင် သင်ကြားခဲ့ကြရသည့် မင်္ဂလာတရားတော်က ၎င်း၏ဘဝသက်တမ်းတစ်လျှောက်လုံးတွင် ဘဝလမ်းညွှန်အဖြစ် ထိန်းကျောင်းသွားနိုင်ပြီး မိသားစုအတွက်၊ ရပ်ရွာဒေသအတွက်၊ နိုင်ငံနှင့်လူမျိုးအတွက် လူတော်လူကောင်းများဖြစ်အောင် ပျိုးထောင်ပေးနိုင်သည်။

စင်စစ်မင်္ဂလာတရား (၃၈) ပါးသည် လူသားတို့ လိုက်နာကျင့်သုံးအပ်သော တရားများပင်ဖြစ်ပြီး မင်္ဂလာတရားများနှင့်အညီ လိုက်နာကျင့်ကြံမည်ဆိုပါက ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲကင်းကွာ၍ မင်္ဂလာရှိသောဘဝများကို ပိုင်ဆိုင်နိုင်ကြမည်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားသည် မင်္ဂလာတရား (၃၈)ပါးကို ဟောကြားရာတွင် သိကြားမင်းက မထင်မရှားနတ်သားတစ်ပါး၏အသွင်ကို ဆောင်လျက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အကာလညအခါတွင် တောင်းပန်လျှောက်ထားမှုကြောင့် လူ၊ နတ်၊ ဗြဟ္မာ တို့၏ အကျိုးငှာ ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။ (၃၈) ပါးသော မင်္ဂလာတရားတော်တို့ကို လိုက်နာကျင့်ကြံကြကုန်သော သူတို့သည် မည်သည့်နေရာဒေသ၌မဆို ရန်သူတို့ အနိုင်ယူခြင်းကို မခံရဘဲ အရာခပ်သိမ်း၌ ချမ်းသာကြရသည်။ "ဧတာ ဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။ သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံတေသံ မင်္ဂလ မုတ္တမံ"ဟူ၍ မင်္ဂလသုတ်တွင် အကျိုးကို ပြဆိုထားသည်။

နှစ်သစ်သို့ ကူးပြောင်းသည့်အခါ လာမည့်နှစ်သစ်တစ်လျှောက်လုံးတွင် ကောင်းခြင်းမင်္ဂလာတို့နှင့်သာ တွေ့ရကြုံရစေရန် မျှော်လင့်ချက်ထားကြသည်။ နှစ်ဟောင်း၏ ကောင်းမွေဆိုးမွေတို့ကို ခံယူ၍ နှစ်သစ်ကို ဖြတ်ကျော်ကြရာတွင် သင်ခန်းစာယူဖွယ်ရှိသည်တို့ကိုယူ၍ ကောင်းသောအမှုတို့ကို တိုးစေရေးအတွက် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်သည်။ ကြုံလာသမျှသော ကောင်းဆိုးနှစ်တန် လောကဓံတရားတို့ကိုလည်း မင်္ဂလာတရားတော်နှင့်အညီ တုန်လှုပ်ခြင်းကင်းသော စိတ်ဓာတ်ဖြင့် ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ကြကာ စိုးရိမ်ကြောင့်ကြမှုမရှိ၊ ကိလေသာ မြူတို့ကင်းစင်လျက်၊ ဘေးရန်တို့ ကုန်ခန်းကာ ငြိမ်းချမ်းနိုင်ကြပါစေကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို မဟာသင်္ကြန်မဏ္ဍပ်များ၌ အေးချမ်းပျော်ရွှင်စွာ ရေကစားနေမှုများနှင့် ပိတ်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

မန္တလေး ဧပြီ ၁၆

မြန်မာတို့၏ အစဉ်အလာမပျက် ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက်မှစတင်၍ နိုင်ငံတစ်ဝန်း အေးချမ်းပျော်ရွှင်စွာဆင်နွှဲလာခဲ့ရာယနေ့(သင်္ကြန်အတက်နေ့) တွင် ပိတ်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားများကို ကျင်းပကြသည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်၌ မင်္ဂလာမန္တလေး မဟာသင်္ကြန်ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်၊ ပိတောက်ရွှေဝါ မဟာသင်္ကြန် ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်၊ ကျုံးအရှေ့ဘက်လမ်း တစ်လျှောက် အတာသင်္ကြန် ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်များ၊ မန္တလေးမြို့သူမြို့သားများ၊ ဝန်ကြီးဌာနများ၏ မဟာသင်္ကြန် ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်များသို့သွားရောက်၍ ကြည့်ရှုအားပေးကာ မြို့သူမြို့သားများနှင့်အတူပျော်ရွှင်စွာဆင်နွှဲကြသည်။

ယင်းနောက် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲ အခမ်းအနားကို ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ် အောင်ဇော်ထွေး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မြန်မာ – ရုရှား ချစ်ကြည်ရေး အသင်းမှ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ခရီးသွားကဏ္ဍ မြှင့်တင်ရေး အတွက် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော တာဗရီဒါအနုပညာ အစီအစဉ်မှ ရုရှား Bloggerအဖွဲ့၊ ပြိုင်ပွဲဝင်ယိမ်း အကအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားကိုလည်းကောင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းက နှစ်သစ်ကူးဆု တောင်းစကားများကိုလည်းကောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးမောင်ကိုက ပထမဆုရ အမရပူရမြို့နယ် ကိုယ်စားပြု အမရသိင်္ဂီယိမ်းအဖွဲ့၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒုတိယဆုရ မဟာအောင်မြေမြို့နယ် ကိုယ်စားပြု မဟာအောင်မြေယိမ်းအဖွဲ့နှင့် ပူးတွဲဒုတိယဆုရ ချမ်းအေးသာစံမြို့နယ်ကိုယ်စားပြု ဈေးချိုသူယိမ်းအဖွဲ့၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဆုရရှိသည့် ယိမ်းအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ပြီးနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့တို့က မြန်မာ–ရုရှား ချစ်ကြည်ရေးအသင်းမှ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ခရီးသွားကဏ္ဍ မြှင့်တင်ရေးအတွက် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော တာဗရီဒါအနုပညာ အစီအစဉ်မှ ရုရှားBlogger အဖွဲ့အား အမှတ်တရဂုဏ်ပြု လက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့တို့က မြန်မာ–ရုရှား ချစ်ကြည်ရေးအသင်းမှ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ခရီးသွားကဏ္ဍ မြှင့်တင်ရေး အတွက် မြန်မာနိုင်ငံသို့ရောက်ရှိလာသော တာဗရီဒါအနုပညာ အစီအစဉ်မှ ရုရှားBloggerအဖွဲ့၏ သီဆိုဖျော်ဖြေမှု၊ ဆုရရှိသည့် ယိမ်းအဖွဲ့များ၏ အကအလှများနှင့် ရုပ်ရှင်၊ ဂီတ အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် နှစ်သစ်ကူး အခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံမိသားစုလမ်းလျှောက်သင်္ကြန်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟိုပုံးအတာသင်္ကြန်မဏ္ဍပ်သို့ တက်ရောက်ချီးမြှင့်အားပေး

ဟိုပုံး ဧပြီ ၁၆

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်ဇနီးနှင့် တာဝန်ရှိသူများသည် ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ နံနက် ၉ နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ မိသားစုလမ်းလျှောက် မဟာသင်္ကြန်ပါဝင်ဆင်နွဲပြီး ယိမ်းအကအဖွဲ့များ၊ Dancer အဖွဲ့များ၊ အမေများယိမ်းအဖွဲ့နှင့် အရာရှိဇနီးများ ယိမ်းအဖွဲ့တို့က ကပြဖျော်ဖြေတင်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံး အတာသင်္ကြန်မဏ္ဍပ်သို့ တက်ရောက်ချီးမြှင့်ပေးရာ ရှမ်းစာပေယဉ်ကျေးမှုယိမ်းအကအဖွဲ့၊ ဒေသခံယိမ်းအဖွဲ့များ နိုင်ငံကျော်အဆိုတော်များကတေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေး၍ သင်္ကြန်အတာရေများ ပက်ဖျန်းပေးခဲ့ကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့ လွှတ်တော်ရုံးလမ်း ရှမ်းပြည်နယ်အစိုးရရုံးရှေ့ရှိ ဗဟိုမဏ္ဍပ်သို့ တက်ရောက် ချီးမြှင့်အားပေးရာ နိုင်ငံကျော်အဆိုတော်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် တောင်ကြီးမြို့နှင့် အင်းလေးရေပေါ်သင်္ကြန်မဏ္ဍပ်တွင် သင်္ကြန်အကြတ်၊ အတက်နေ့တွင်လည်း ယိမ်းအကအဖွဲ့များ၊ နိုင်ငံကျော်အဆိုတော်များက ဖျော်ဖြေတင်ဆက်ကြ၍ ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာဆင်နွှဲကြပြီး ပြည်နယ်ဝန်ကြီး ချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**မောင်မောင်သန်း (တောင်ကြီး)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား အတာရေများဖြင့် အေးချမ်းပျော်ရွှင်စွာ ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား အတာရေများဖြင့် အေးချမ်းပျော်ရွှင်စွာ ပက်ဖျန်း ပေးစဉ်။

*❍ ရှေ့ဖုံးမှ*

**ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်**

အဆိုပါ ပိတ်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ၏ ဇနီးဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ယိမ်းအဖွဲ့များ တက်ရောက်ကြပြီး ရေကစားမဏ္ဍပ်တွင် အနုပညာရှင်များ၊ တေးသံရှင်များနှင့် ယိမ်းအကအဖွဲ့များ၏ တေးသီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး အနုပညာရှင်များနှင့် ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**အောင်မြင်စွာပိတ်သိမ်း**

ထို့နောက် ပိတ်ပွဲအခမ်းအနား ကျင်းပရာ အနုပညာရှင်များ၊ တေးသံရှင်များနှင့် ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပိတ်ပွဲ အခမ်းအနားကို တက်ရောက်လာကြသူများနှင့်အတူ ယိမ်းအဖွဲ့များအား အတာရေများဖြင့် အေးချမ်း ပျော်ရွှင်စွာ ပက်ဖျန်းပေးကြပြီး မြန်မာ့ရိုးရာမဟာ သင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစု ရေကစားမဏ္ဍပ်အား အောင်မြင်စွာ ပိတ်သိမ်းခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ယိမ်းအကအဖွဲ့အား အတာရေများဖြင့် ပက်ဖျန်းပေးစဉ်။

**သီဆိုကပြဖျော်ဖြေ**

အလားတူ ယနေ့ညနေပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ စိန်ပန်းမဏ္ဍပ်၊ မန်ကျည်းရိပ်မဏ္ဍပ်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန မိသားစုမဟာသင်္ကြန်မဏ္ဍပ်များသို့ သွားရောက်၍ နိုင်ငံကျော် အနုပညာရှင်များနှင့် တေးသံရှင်များ၊ မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေနေမှု၊ မိသားစုများ ပျော်ရွှင်စွာ ရေသဘင်ပွဲဆင်နွှဲနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ ရေသဘင်ပွဲအား ပျော်ရွှင်စွာ အတူဆင်နွှဲသည်။

**အောင်မြင်စွာဆင်နွှဲ**

ယနေ့သည် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အတက်နေ့ဖြစ်သည်နှင့်အညီ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေကစားမဏ္ဍပ်များ၊ ပျဉ်းမနား- တောင်ညိုလမ်းပေါ်ရှိ နေပြည်တော်မြို့တော်ဝန် မဏ္ဍပ်အနီးမှ စည်ပင်ညွှေ့ရိပ်သာ လမ်းဆုံအထိ ဇုန်လေးဇုန်သတ်မှတ်ကာ ခေတ်နှင့်အညီ ထည့်သွင်းကျင်းပလျက်ရှိသော နေပြည်တော်လမ်းလျှောက်သင်္ကြန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်း အတွင်းရှိ ဇေယျာသီရိမဏ္ဍပ်၊ စိန်ပန်းရေကစားမဏ္ဍပ်၊ မန်ကျည်းရိပ်ရေကစားမဏ္ဍပ်အပါအဝင် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကစားမဏ္ဍပ်များတွင်လည်း ရေပက်ခံသူများ၊ ရေပက်ကစားသူများဖြင့် ပျော်ရွှင်စည်ကားစွာ ရေသဘင်ပွဲတော်ကို အောင်မြင်စွာ ဆင်နွှဲကြပြီး မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေမှုများနှင့်အတူ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်္ကြန်ချစ်သူ ပြည်သူများက အတာရေသဘင်ပွဲတော်အား အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစု ရေကစားမဏ္ဍပ်တွင် ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နန်းမြို့သူ မိသားစုအတာရေသဘင်မဏ္ဍပ်၌ သင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ မန္တလေးတပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်သို့ သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် (၁၃၈၄-၁၃၈၅) ခုနှစ် မြန်မာ့ရိုးရာ မဟာအတာသင်္ကြန် အတက်နေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ လိုက်ပါ၍ မန္တလေးတပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်များ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ ပျော်ရွှင်စွာ ရေသဘင်ပွဲတော်ဆင်နွှဲနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့်အဖွဲ့ဝင်များသည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နန်းမြို့သူ မိသားစု အတာရေသဘင်မဏ္ဍပ်သို့ ရောက်ရှိကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် ဇနီး၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ တေးသီချင်းများ သီဆိုဖျော်ဖြေမှုများ၊ နိုင်ငံကျော်တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ယိမ်းအဖွဲ့များအား အတာရေများ ပက်ဖျန်းကြပြီး သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည် မိသားစုများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည် မန္တလေးတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၏ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ယိမ်းအဖွဲ့များအား အတာရေများ ပက်ဖျန်းစဉ်။





နိုင်ငံကျော်တေးသံရှင်များ၏ သီဆိုကပြဖျော်ဖြေမှုကို တွေ့ရစဉ်။

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အတာသင်္ကြန်ရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးတို့သည် ယနေ့ညနေပိုင်းတွင် မြန်မာ့မီးရထား နေပြည်တော် ဘူတာကြီးဝင်းအတွင်းရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့ရိုးရာ အတာသင်္ကြန် ရေကစားမဏ္ဍပ် ပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရေကစားမဏ္ဍပ်တွင် ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ ယိမ်းအဖွဲ့များက သင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ယိမ်းအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပြီး စတုဒိသာများဖြင့် ညှော်ခံကျွေးမွေးသည်။

ဆက်လက်၍ အစီအစဉ်များအတိုင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန် ရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနားကျင်းပရာ ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်း အသီးသီး၏ ယိမ်းအဖွဲ့ ကိုးဖွဲ့က မန်းတောင်ရိပ်ခိုသီချင်း သီဆိုပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်သော ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများ၊ ၎င်းတို့၏ ဇနီးများနှင့် မိသားစုများက အတာရေပက်ဖျန်းကာ ရေကစားမဏ္ဍပ်ကို အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ယိမ်းအဖွဲ့များအား အတာရေပက်ဖျန်းစဉ်။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် သင်္ကြန်ပိတ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၁၆

**မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်မှ ၁၃၈၅ သို့ ကူးပြောင်းသည့် မဟာသင်္ကြန်ပွဲတော်ကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ သင်္ကြန်အတက်နေ့ဖြစ်သည့် ယနေ့ နံနက် ၈ နာရီခွဲမှစတင်၍ နေပြည်တော် ရုံးအမှတ် (၁၈) ရှိ ပြည်ထဲရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၌ ဆက်လက်ကျင်းပသည်။**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ပြည်ထဲရေးဝန်ကြီးဌာန မိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အခမ်းအနားကို ပိတ်သိမ်းကြောင်း ကြေညာစဉ်။

**တက်ရောက်**

အဆိုပါ ပြည်ထဲရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်သို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ နှင့် ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့် ဇနီး၊ တပ်ဖွဲ့/ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပြိုင်ပွဲဝင် ယိမ်းအကအဖွဲ့များနှင့် Dancer အကအဖွဲ့များ စုံညီစွာ တက်ရောက်ကြသည်။

**အခမ်းအနားရုပ်သိမ်း**

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး ညနေ ၆ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန မိသားစု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ပြည်ထဲရေး ဝန်ကြီးဌာန ရေကစားမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ပြည်ထဲရေးဝန်ကြီးဌာန မိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အခမ်းအနားကို ပိတ်သိမ်းကြောင်း ကြေညာ၍ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ပိတ်ပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါရေကစားမဏ္ဍပ်၌ ကျင်းပသည်။

ပိတ်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံကျော် အနုပညာရှင်များ၊ တေးသံရှင်များ၊ သင်္ကြန်ယိမ်းအဖွဲ့ များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးတင်ဦးလွင် က နှစ်သစ်ကူး နှုတ်ခွန်းဆက် ဆုတောင်းစကားပြောကြားပြီး နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ပိတ်သိမ်းကြောင်း ကြေညာသည်။



ထို့နောက် သင်္ကြန်ယိမ်းအဖွဲ့ များက မြနန္ဒာတေးသီချင်းဖြင့် စုပေါင်းကပြ ဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က သပြေခက်ဖြင့် အတာရေပက်ဖျန်းပေးကြပြီး (ဝဲပုံ) အခမ်းအနားကို ပိတ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## မြဝတီမြို့၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲကျင်းပ

**မြဝတီ ဧပြီ ၁၆**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ် (၄) ရပ်ကွက်၊ မြစနိုးပန်းခြံ၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် မဟာသင်္ကြန် ဗဟိုမဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယ ဗိုလ်မှူးကြီး နိုင်ဝင်းက ၁၃၈၄ ခုနှစ်၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ပိတ်သိမ်းပေးသည်။ ဆက်လက်၍ မန်းတောင်ရိပ်ခိုသီချင်းဖြင့် ယိမ်းအဖွဲ့များမှ စုပေါင်းကပြဖျော်ဖြေကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အတာရေများ ပက်ဖျန်းပေးသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်း၊ အဖွဲ့ဝင် (၂) ဦးစိန်သောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ထက်ဝင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွင်း အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင် - ၁၀၀၀) သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် ဒဏ်ရာရလူနာများအား ကြည့်ရှုအားပေး

**နေပြည်တော်　ဧပြီ　၁၆**

၁၃၈၄ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ပွဲတော် (သင်္ကြန်အကြတ်နေ့) နံနက်ပိုင်းတွင် လွိုင်ကော်မြို့ နောင်ယား (ခ) ရပ်ကွက်ရှိ ကယားပြည်နယ်အစိုးရအဖွဲ့ရုံး ဗဟိုမဏ္ဍပ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ပွဲတော်ကျင်းပနေစဉ် KNPP အဖွဲ့၊ လွိုင်ကော် PDF နှင့် Falcon Wings အမည်ခံအကြမ်းဖက်အဖွဲ့များက Drop Bomb ဖြင့် ယုတ်မာရက်စက်စွာပစ်ချတိုက်ခိုက်သဖြင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူ ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအနက် ဒဏ်ရာရရှိသူအချို့ကို လွိုင်ကော်မြို့ပြည်သူ့ဆေးရုံကြီးမှ အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) နေပြည်တော်သို့ လွှဲပြောင်းပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိသည်။

**ကြည့်ရှုအားပေးစကား ပြောကြား**

၂၀၂၃ ခုနှစ် ဧပြီ ၁၆ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွင်း ဦးဆောင်သောအဖွဲ့မှ အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) နေပြည်တော်သို့ သွားရောက်၍ ထိခိုက်ဒဏ်ရာရရှိသော ဝန်ထမ်းများအား တစ်ဦးချင်း တွေ့ဆုံ၍ ကြည့်ရှုအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွင်း အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) နေပြည်တော်၌ ထိခိုက်ဒဏ်ရာရရှိသော ဝန်ထမ်းတစ်ဦးအား ကြည့်ရှုအားပေးစကား ပြောကြားစဉ်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ဝင်များ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ပြည်သူများနှင့်အတူ အတာရေသဘင်ပွဲ ပါဝင်ဆင်နွှဲ

**နေပြည်တော်　ဧပြီ　၁၆**

နေပြည်တော်လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညနေပိုင်းတွင် နေပြည်တော်လမ်းလျှောက်သင်္ကြန်အတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်လွတ်လပ်စွာ အတာရေသဘင်ပွဲတော် ပါဝင်ဆင်နွှဲနေမှုကို ကြည့်ရှုအားပေးပြီး ဝန်ကြီးဌာနများ၏ ရေကစားမဏ္ဍပ်များ၌ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ပြည်သူများနှင့်အတူ မြန်မာ့ရိုးရာ အတာသင်္ကြန်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲသည်။

**ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဝန်ကြီးဌာနများ၏ ဖျော်ဖြေရေးမဏ္ဍပ်များ၌ နိုင်ငံကျော် တေးသံရှင်များ၊ အနုပညာရှင်များနှင့် သင်္ကြန်ယိမ်းအဖွဲ့များ၏ သင်္ကြန်တေးသီချင်း ဖျော်ဖြေတင်ဆက်မှုများနှင့် သင်္ကြန်ယိမ်းအကအလှများကို လှည့်လည်ကြည့်ရှု အားပေးကြပြီး ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများကို အတာရေပက်ဖျန်းပေးကာ ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ဝင်များ နေပြည်တော် လမ်းလျှောက်သင်္ကြန်အတွင်း ပြည်သူများနှင့်အတူ မြန်မာ့ရိုးရာ အတာသင်္ကြန်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲစဉ်။





# သာစည်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကျင်းပ

**သာစည်　ဧပြီ　၁၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၄ နာရီက သာစည်မြို့စည်ပင်သာယာပန်းခြံရှေ့ မိတ္ထီလာ-တောင်ကြီးကားလမ်းဘေးရှိ ရွှေသာစည်ဗဟိုမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က နှစ်သစ်ကူးနှုတ်ခွန်းဆက် စကားပြောကြားသည်။ ဆက်လက်ပြီး ယိမ်းအဖွဲ့ ခုနစ်ဖွဲ့က မန်းတောင်ရိပ်ခိုသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် တာဝန်ရှိသူများက သင်္ကြန်ကာလအတွင်း ဖျော်ဖြေခဲ့သော ယိမ်းအဖွဲ့များ၊ တီးဝိုင်းအဖွဲ့၊ တေးသံရှင်များနှင့် စက်အဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ (ဓါတ်ပုံ)

နှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါနငါးလွှတ်ပွဲနှင့် ကုသိုလ်ကောင်းမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲအခမ်းအနား တက်ရောက်



**ထားဝယ် ဧပြီ ၁၆**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမရှေ့ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သစ်လွင်ထူးနှင့် တာဝန်ရှိသူများက သင်္ကြန်ယိမ်းအကအဖွဲ့ ကိုးဖွဲ့အား တစ်ဖွဲ့လျှင် ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်း စုစုပေါင်း ငွေကျပ် ၁၃၅ သိန်းအား ချီးမြှင့်ပြီး **(ယာပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ပိတ်သိမ်းကြောင်း ကြေညာသည်။

ဆက်လက်၍ ၁၃၈၄ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို မန်းတောင်ရိပ်ခို သီချင်းဖြင့် ပျော်ရွှင်စွာ သံပြိုင်သီဆိုကပြ၍ ရုပ်သိမ်းလိုက်ပြီး ထားဝယ်ရိုးရာယဉ်ကျေးမှုအကအဖွဲ့၊ ဖျော်ဖြေရေးယိမ်းအကအဖွဲ့၊ သင်္ကြန်ယိမ်းအကအဖွဲ့များနှင့် တေးဂီတအဖွဲ့များက ပြန်လည်သီဆိုကပြဖျော်ဖြေရာ ဒေသအတွင်းမှ ဒေသခံပြည်သူများက စည်ကားသိုက်မြိုက်စွာဖြင့် လာရောက်ကြည့်ရှု၍ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မြောင်းမြမြို့ (ဗဟို)မဏ္ဍပ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်အတက်နေ့ ပိတ်ပွဲအခမ်းအနား တက်ရောက်

**မြောင်းမြ ဧပြီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ (ဗဟို)မဏ္ဍပ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အတက်နေ့ ပိတ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ဗဟိုမဏ္ဍပ်တွင် ကျင်းပသည်။

အဆိုပါ မဟာသင်္ကြန်ပွဲတော် (အတက်နေ့) ပိတ်ပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ မဟာသင်္ကြန် (အတက်နေ့) ပိတ်ပွဲအခမ်းအနားတွင် ဗဟိုမဏ္ဍပ်ဖျော်ဖြေရေး ယိမ်းအဖွဲ့များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးက ငွေကျပ် ၁၀ သိန်း **(အပေါ်ပုံ)**၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီးတို့က ငွေကျပ် သုံးသိန်း ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အတက်နေ့ပိတ်ပွဲကို ယိမ်းအကများ၊ ဖျော်ဖြေရေး အစီအစဉ်များ၊ စတုဒိသာအလှူများ၊ လမ်းလျှောက်သင်္ကြန်များဖြင့် စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မဟာသင်္ကြန်အတက်နေ့ ပဲခူးမြို့ရှိ ရေကစားမဏ္ဍပ်များ၌ ပြည်သူများ ပျော်ရွှင်စွာ ရေကစားနေမှုများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ပဲခူး ဧပြီ ၁၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများသည် ဧပြီ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့ နံနက်ပိုင်းက ပဲခူးမြို့ရှိ ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များတွင် အများပြည်သူ လွတ်လပ်ပျော်ရွှင်စွာ ရေကစားနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှေ့ရှိ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဗဟိုရေကစားမဏ္ဍပ်သို့ သွားရောက်၍ ဌာနဆိုင်ရာများ၏ ဖျော်ဖြေရေးယိမ်းအဖွဲ့များနှင့် ရပ်ကွက်အသီးသီးရှိ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များက သီဆိုကပြဖျော်ဖြေခြင်း၊ နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်ကျင်းပသော လမ်းလျှောက်သင်္ကြန် ကျင်းပနေသည့် လမ်းဘေးဝဲယာတစ်လျှောက် ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်များတွင် ရေကစားသူပြည်သူများ၊ စတုဒိသာလာရောက်သုံးဆောင်သူများဖြင့် စည်ကားလျက်ရှိပြီး ရပ်ကွက်/လမ်းများအလိုက် အများပြည်သူ ရေကစားမဏ္ဍပ်တို့တွင်လည်း ရေကစားသူများ၊ ရေပက်ခံထွက်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



## မွန်ပြည်နယ်ဝန်ကြီးချုပ် တိုင်းစစ်ဌာနချုပ်မဏ္ဍပ်၊ မော်လမြိုင်မြို့ ကျိုက်မရောမြို့နယ်မဏ္ဍပ်တို့၌ ပျော်ရွှင်စွာရေကစားနေမှုများ ကြည့်ရှုအားပေး



**မော်လမြိုင် ဧပြီ ၁၆**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့်အဖွဲ့ဝင်များသည် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန်အတက်နေ့၌ တိုင်းစစ်ဌာနချုပ်မဏ္ဍပ်၊ ကျိုက်မရောမြို့နယ်မဏ္ဍပ်၊ မော်လမြိုင်မြို့ ဗဟိုမဏ္ဍပ်နှင့် ကမ်းနားလမ်းတစ်လျှောက် ရေကစားမဏ္ဍပ်များတွင် အများပြည်သူ အေးချမ်းပျော်ရွှင်စွာ ရေကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အတွင်းရှိ ဗဟိုမဏ္ဍပ်တွင် အကအလှဖျော်ဖြေနေမှုအား ကြည့်ရှုအားပေးပြီး ဗဟိုမဏ္ဍပ်တွင် ကပြဖျော်ဖြေနေသော ယိမ်းအကများကို ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မော်လမြိုင်မြို့ ဗဟိုမဏ္ဍပ်တွင် ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနေမှုများ၊ ယိမ်းအကအလှများ၊ ရုပ်ရှင်သရုပ်ဆောင်များ၏ တေးဂီတဖျော်ဖြေတင်ဆက်နေမှုများကို ကြည့်ရှုအားပေးပြီး ကမ်းနားလမ်းတစ်လျှောက် ရေကစားနေမှုများနှင့် စတုဒိသာများ ကျွေးမွေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## ပြည်မြို့တွင် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အား အေးချမ်းပျော်ရွှင်စွာပိတ်သိမ်း

**ပြည် ဧပြီ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဗဟိုရေကစားမဏ္ဍပ်၌ မဟာသင်္ကြန် (အတက်နေ့) ယနေ့ညနေ ၅ နာရီတွင် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပိတ်ပွဲ ကျင်းပရာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်က တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် ရေကစားသူများအား နှစ်သစ်ကူးဆုတောင်းစကား ပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက မဟာသင်္ကြန်ပွဲတော်၌ ယှဉ်ပြိုင်ကပြဖျော်ဖြေခဲ့ကြသော ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ကာ **(ယာပုံ)** အကဲဖြတ်ဒိုင်အဖွဲ့ကို လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဆုရယိမ်းအဖွဲ့များကအကအလှများဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ ရေကစားသူများနှင့်အတူ ခေတ်ပေါ်တေးဂီတ သီဆိုဖျော်ဖြေမှုများဖြင့် ပျော်ရွှင်စွာရေကစားကြပြီး တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၏ မြနန္ဒာတေးသီချင်း သီဆိုကပြဖျော်ဖြေမှုဖြင့် မဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**



# မြန်မာ့ရိုးရာမဟာသင်္ကြန် (အတက်နေ့) အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစု လမ်းလျှောက်သင်္ကြန်ပွဲတော်နှင့် အရာထမ်း/အမှုထမ်းများအား ကံစမ်းမဲဖောက်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၆**

၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် (အတက်နေ့) ၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစု လမ်းလျှောက်သင်္ကြန်ပွဲတော်နှင့် ဗလာမပါ ကံစမ်းမဲဖောက်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဇနီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးလှိုင်နှင့်ဇနီး၊ ဒေါက်တာ စိုးဝင်းနှင့် ဇနီး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် အရာထမ်း/ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များနှင့်အတူ မြန်မာ့ရိုးရာမဟာသင်္ကြန် (အတက်နေ့) ကို အတူတကွ စည်ကားသိုက်မြိုက်စွာ ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲကြသည်။

ထို့နောက် ဌာနခွဲများမှဝန်ထမ်းများက သင်္ကြန်တေးသီချင်းများ၊ မြန်မာ့ရိုးရာ သင်္ကြန်အကအလှများနှင့် Fitness Dance များဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေရေးအဖွဲ့များကို ဆုကြေးငွေများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။ (ဝဲပုံ)




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း အားကစားမောင်မယ်များ အတာသင်္ကြန်မဏ္ဍပ်၌ မြန်မာ့လက်ရွေးစင် အားကစားမောင်မယ်များနှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်းမှ အားကစားမောင်မယ်များ၏ ပျော်ပျော်ရွှင်ရွှင် ရေပက်ကစားနေမှုများနှင့် အားကစားအဖွဲ့များမှ အားကစားမောင်မယ်များ၏ သင်္ကြန်တေးသီချင်းများ၊ မြန်မာ့ရိုးရာသင်္ကြန် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၏ ဇနီးများနှင့် အဖွဲ့ဝင်များသည် အားကစားမောင်မယ်များနှင့်အတူ မြန်မာ့ရိုးရာတေးသီချင်း၊ သင်္ကြန်အကများဖြင့် သင်္ကြန်ပွဲတော်ကို ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ဖျော်ဖြေရေးအဖွဲ့များကို ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၌ သင်္ကြန်အတက်နေ့ ရေကစားအပန်းဖြေသူများ ယခင်ရက်များထက် အထူးစည်ကားများပြား

နေပြည်တော် ဧပြီ ၁၆

**ယနေ့သည် သင်္ကြန်ချစ်ပြည်သူများအတွက် မြန်မာ့နှစ်သစ်မကူးပြောင်းမီ မဟာသင်္ကြန်ပွဲတော် အတက်နေ့ဖြစ်သည့်အားလျော်စွာ နေပြည်တော်၌ ရေကစားသူများနှင့် အပန်းဖြေသူများသည် ယခင်ရက်များထက် အထူးစည်ကားများပြားလျက်ရှိသည်။**



"တစ်နှစ်တစ်ခါ ကျင်းပတဲ့ ပွဲမှာ ဒီနေ့က သင်္ကြန်နောက်ဆုံးရက် အတက်နေ့ဖြစ်တဲ့အတွက် တစ်နေ့လုံး မိသားစုလိုက် သင်္ကြန်လည်မှာပါ။ ပျော်စရာကောင်းတယ်။ နေပြည်တော် သင်္ကြန်က ဒီနှစ်တော်တော်စည်ကားပါတယ်။ လမ်းလျှောက်သင်္ကြန် ကလည်း ရှိတော့ ပိုစည်သွားတယ် ထင်တယ်။ တစ်နှစ်တာ စားဝတ်နေရေးအတွက် လှုပ်ရှားနေရတာ သင်္ကြန်ရောက်မှ အပန်းဖြေအနားယူကြရတာပါ။ ဒါကြောင့် နောက်နှစ်တွေလည်း တစ်နှစ်တစ်ခါကျင်းပတဲ့ သင်္ကြန်ပွဲတော်ကို အေးချမ်း ပျော်ရွှင်စရာကောင်းအောင်၊ ရိုးရာမပျက်အောင်နဲ့ စည်ကားအောင် ကျင်းပပေးစေလိုပါတယ်" ဟု နေပြည်တော်တွင် နေထိုင်သည့် ဦးမြတ်သူက ပြောသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်း၌ ယနေ့တွင် ရေပက်ခံကားများ၊ ရေပက်ခံထွက်ကြသူများ၊ စတုဒိသာ ကျွေးမွေးအလှူဒါန ပြုကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ထို့အတူ နေပြည်တော်အတွင်းရှိ အထင်ကရနေရာများဖြစ်သည့် လေ့ခွင်းတောင်ကမ်းခြေအပန်းဖြေစခန်း၊ ကျည်တောင်ရေဆိပ်နှင့် ပျဉ်းမနားမြို့နယ်ရှိ အဝေရာကမ်းခြေရေကစားအပန်းဖြေစခန်း၊ နေပြည်တော် အမျိုးသား အထိမ်းအမှတ် ဥယျာဉ်၊ ရေပန်းဥယျာဉ်၊ နေပြည်တော် ဆာဖာရီဥယျာဉ် တို့တွင်လည်း လာရောက်လည်ပတ် အနားယူအပန်းဖြေကြသည့် မိသားစုများ၊ ပြည်သူများဖြင့် များပြားခဲ့သည်။

အလားတူ နေပြည်တော် ကောင်စီနယ်မြေအတွင်း မြို့နယ်များ၌ မိသားစုရေကစား မဏ္ဍပ်ငယ်များတွင် ပြည်သူများသည် ဆိုင်ကယ်၊ မော်တော်ယာဉ်များဖြင့် ပျော်ရွှင်စွာ လည်ပတ်ရေကစားကြခြင်းဖြင့် သင်္ကြန်ပွဲတော်ကို အေးချမ်းစွာ နွှဲပျော်လျက်ရှိသည်။



ထိုသို့ သင်္ကြန်ကာလအတွင်း ပြည်သူများ စိတ်လက်ချမ်းသာ အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေ နိုင်စေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ရေကစားမဏ္ဍပ်များနှင့် အပန်းဖြေစခန်းများ၌ ပူးပေါင်းအဖွဲ့များဖွဲ့စည်း၍ လှည့်ကင်းများဖြင့် စောင့်ရှောက်မှုပေးခြင်း၊ အပန်းဖြေ အနားယူနေကြစဉ်အတွင်း အန္တရာယ် မရှိစေရေးအတွက် သတိပေး နှိုးဆော်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော် ကောင်စီနယ်မြေတွင် သင်္ကြန်ကာလအတွင်း ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသကဲ့သို့ အလှူဒါနကုသိုလ်ပြုကြသူများ၊ ဥပ္ပါတသန္တိစေတီတော်၊ ဓါတုဇယခေတ်ပေါင်းစုစေတီတော်၊ ကိုးခန်းကြီးဘုရား၊ ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်ကြီးစသည့်ဘုရားစေတီများတွင် ဥပုသ်သီလဆောက်တည်ကြသူများ၊ တရားဘာဝနာရှုမှတ်ပွားများကြသူများလည်း များပြားခဲ့ကြကြောင်း သိရသည်။

**အောင်မင်းဟန်**



# သင်္ကြန်အတက်နေ့တွင် နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ အတာရေသဘင်ပွဲတော်နွှဲပျော်ကြသူများဖြင့် အထူးစည်ကား



နေပြည်တော်  ဧပြီ  ၁၆

**၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ ချစ်ကြည်ရင်းနှီးစွာဖြင့် ပျော်ရွှင်မှုရရှိစေရန်နှင့် သင်္ကြန်ကာလကို ပိုမိုပျော်ရွှင်စွာ ဆင်နွှဲနိုင်စေရန်ရည်ရွယ်၍ နေပြည်တော်လမ်းလျှောက်သင်္ကြန်ကို ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ နေပြည်တော် မြို့တော်ဝန်မဏ္ဍပ်အနီးမှ စည်ပင်ဒေသ့ရိပ်သာ လမ်းဆုံအထိ ဇုန်လေးဇုန် သတ်မှတ်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။**

ယနေ့သည် မဟာသင်္ကြန် အတက်နေ့ဖြစ်သည်နှင့်အညီ အဆိုပါ လမ်းလျှောက်သင်္ကြန်အတွင်းရှိ သနပ်ခါးသင်္ကြန်ဇုန်၊ တိုင်းရင်းသားသင်္ကြန်ဇုန်၊ မြန်မာမှုမပျောက်ပျက်စေရန်နှင့် နိုင်ငံတကာအဆင့်မီ အလှပြဖျော်ဖြေရေး အစီအစဉ်များဇုန်နှင့် လူငယ်နှင့် ကလေးငယ်များအတွက် လူငယ်ဂိမ်းသင်္ကြန် အစီအစဉ်ဇုန်များတွင် သင်္ကြန်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများနှင့်အတူ ကလေးငယ်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသဖြင့် အထူးစည်ကားခဲ့သည်။

"ဒီနေ့မှာတော့ သူငယ်ချင်းတွေနဲ့အတူ ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ မြန်မာနှစ်သစ် တစ်နှစ်ကို ကူးပြောင်းရောက်ရှိတော့မယ့် မကြာမီအချိန်မှာ နှစ်ဟောင်းက အညစ်အကြေးတွေကို အတာရေနဲ့ဆေးကြောဖို့ လာရောက်ပါဝင်ဆင်နွှဲတာပါ။ ကျွန်တော်က လူငယ်တစ်ဦးဖြစ်တဲ့အတွက် လမ်းလျှောက်သင်္ကြန်အတွင်းမှာရှိတဲ့ ဇုန်လေးဇုန်ထဲကမှ ဖျော်ဖြေရေးဇုန်နဲ့ လူငယ်တွေအတွက် ပြုလုပ်ထားတဲ့ လူငယ်ဂိမ်းသင်္ကြန်ဇုန်ကို အကြိုက်ဆုံးပါ။ ခေတ်လေးခေတ် သင်္ကြန်ပွဲဆင်နွှဲခဲ့မှုတွေကို အလှပြယာဉ်တွေနဲ့ သရုပ်ဖော်ပြသတဲ့ အစီအစဉ်က ကျွန်တော်တို့ လူငယ်တွေအတွက် မြန်မာ့ရိုးရာအတာသင်္ကြန်ရဲ့ သမိုင်းကြောင်းကို မျက်မြင်ကိုယ်တွေ့ လေ့လာခွင့်ရရှိနိုင်သလို အသိအမြင် ဗဟုသုတတွေလည်း ရစေပါတယ်။ တစ်နေ့လုံး လမ်းလျှောက်သင်္ကြန်အတွင်းမှာ လွတ်လွတ်လပ်လပ် ပါဝင်ဆင်နွှဲမှာပါ" ဟု ဇမ္ဗူသီရိမြို့နယ်မှ လာရောက်လည်ပတ်သူ မောင်ကောင်းထက်ဇော်က ပြောသည်။

"အစားအသောက်အတွက်ကတော့ စတုဒိသာမဏ္ဍပ်တွေက ကျွေးမွေးလှူဒါန်းသလို စားသောက်ဆိုင်ခန်းတွေလည်းရှိတော့ ပိုပြီးအဆင်ပြေပါတယ်။ နေ့လယ်ပိုင်း ဖျော်ဖြေရေးအစီအစဉ်တွေ ခဏနားတဲ့အချိန်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီကနေ အမှိုက်တွေကို လိုက်လံရှင်းလင်းနေတာကိုလည်း တွေ့ရပါတယ်။ နောက်နှစ်တွေမှာလည်း အခုလို နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို ကျင်းပပေးစေချင်ပါတယ်။ နှစ်ဆန်း တစ်ရက်နေ့မနက်ပိုင်းမှာ ရပ်ကွက်ထဲကဘုရားကို သူငယ်ချင်းတွေနဲ့ စုပေါင်းရေသပ္ပါယ်ပြီး ညနေမှာတော့ ရပ်ကွက်ထဲက အဘိုး၊ အဘွားတွေကို သက်ကြီးပူဇော်ပွဲ ပြုလုပ်သွားမှာပါ" ဟု ၎င်းကဆက်လက်ပြောသည်။

လမ်းလျှောက်သင်္ကြန်ရှိ သနပ်ခါးသင်္ကြန်ဇုန်တွင် မြန်မာ့ရိုးရာသနပ်ခါးကို တိုင်းရင်းသားလူမျိုးပေါင်းစုံ နှစ်ခြိုက်စွာ လိမ်းခြယ်၍ တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်စွာ နောက်ပြောင်နေကြသည့် ချစ်စရာဓလေ့ တစ်ခုကိုလည်း တွေ့ရသည်။



အလားတူ တိုင်းရင်းသားသင်္ကြန်ဇုန်ရှိ ဖျော်ဖြေရေး အစီအစဉ်များတွင် ပြည်သူများ ပါဝင်ဆင်နွှဲနိုင်သည့်အပြင် တိုင်းရင်းသား လူမျိုးပေါင်းစုံနှင့်အတူ ရေပက်ကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ လမ်းလျှောက်သင်္ကြန်အတွင်းရှိ မဏ္ဍပ်များတွင် နိုင်ငံကျော်အနုပညာရှင်များ၊ တေးသံရှင်များက DJ, Music Band များနှင့် တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများကို သီဆိုဖျော်ဖြေကြသည့်အပြင် ဝန်ကြီးဌာနများမှ သင်္ကြန်ယိမ်းအဖွဲ့များကလည်း သင်္ကြန်တေးသီချင်းများဖြင့် ညီညီညာညာ ယိမ်းနွဲ့ကပြဖျော်ဖြေပေးကြပြီး မဏ္ဍပ်များက ပက်ဖျန်းလိုက်သည့် အတာရေအကြားတွင် ပြည်သူများက သီချင်းသံစဉ် စည်းချက်များနှင့်အညီ လိုက်ပါယိမ်းနွဲ့၍ ကခုန်ပျော်ရွှင်စွာ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည့် မြင်ကွင်းကိုလည်း တွေ့ရသည်။

ထို့ပြင် လူငယ်များနှင့် ကလေးများအတွက် အဓိကထားသည့် ဇုန်တွင် Colour Party, Foam Party၊ ဂိမ်းအစီအစဉ်များ၊ လူကြီးများ၊ ကလေးများ ပါဝင်ဆော့ကစားနိုင်သည့် ရေလွှာလျှောစီးနှင့် ကလေးငယ်များအတွက် ပျော့အိကစားကွင်းများတွင်လည်း ပြည်သူများ ပျော်ရွှင်အေးချမ်းစွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

လမ်းလျှောက်သင်္ကြန်အတွင်းသို့ လာရောက်လည်ပတ်ကြသူများ အစားအသောက် အခက်အခဲ မရှိစေရန် သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် ဆိုင်ခန်းများတွင် လာရောက်လည်ပတ်ကြသူများ စိတ်ကြိုက်ဝယ်ယူစားသောက်နိုင်သည့်အပြင် စတုဒိသာမဏ္ဍပ်များက ကျွေးမွေးသည့် စုံလင်လှသော မြန်မာ့ရိုးရာ အစားအစာများကိုလည်း အားပါးတရ နှစ်ခြိုက်စွာ သုံးဆောင်နေကြသည့် မြန်မာတို့၏ ချစ်စရာဓလေ့ကို စိတ်ကြည်နူးစွာ မြင်တွေ့ရသည်မှာလည်း စိတ်ချမ်းမြေ့ဖွယ်ရာ ကောင်းလှသည်။

နေပြည်တော် လမ်းလျှောက်သင်္ကြန်အတွင်း ပြည်သူများ ရေကစားနေစဉ် ကျန်းမာရေးကိစ္စ တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အရေးပေါ်ကုသစောင့်ရှောက်ပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ဆေးခန်းများကိုလည်း ဖွင့်လှစ်ထားသည်ကိုလည်း တွေ့ရသည်။

လမ်းလျှောက်သင်္ကြန်တွင် ထူးခြားဆန်းသစ်သည့် အစီအစဉ်တစ်ခုအဖြစ် ခေတ်လေးခေတ် သင်္ကြန်ပွဲ ဆင်နွှဲခဲ့မှုများကို အလှပြယာဉ်များဖြင့် သရုပ်ဖော်ပြသမှုသည် မြန်မာ့ရိုးရာအတာသင်္ကြန်၏ သမိုင်းကြောင်းကို လေ့လာမြင်တွေ့ခွင့် ရရှိခဲ့သလို အသိမြင်ဗဟုသုတများစွာလည်း တိုးပွားစေသည့် မြင်ကွင်းကိုလည်း တွေ့ရသည်။

နေပြည်တော် လမ်းလျှောက်သင်္ကြန်အတွင်း ပြည်သူများ အေးချမ်းပျော်ရွှင် ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ကြစေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်သူများ၏ လုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့များကလည်း ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် ယာဉ်ကြောရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**လုလင်ငယ်**
**ဓာတ်ပုံ-ကိုကြီးထိန်**

မိုင်းရယ်မြို့၌ မြန်မာ့ရိုးရာ မဟာသင်္ကြန် အတက်နေ့ ဗဟိုမဏ္ဍပ် ပိတ်ပွဲအခမ်းအနားတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ဇေယျာလင်း ယိမ်းအဖွဲ့များကို ဂုဏ်ပြုငွေ ပေးအပ်ချီးမြှင့်စဉ်။

မိုင်းရယ် (ပြန်/ဆက်)



ကျောက်ဖြူမြို့၌ မဟာသင်္ကြန် အတက်နေ့တွင် ရေပက်ခံထွက်သူများ၊ ရေပက်ကစားကြသူများဖြင့် အထူးစည်ကားလျက်ရှိစဉ်။

တင်ထွန်းဦး(ပြန်/ဆက်)





ဟိုင်းကြီးကျွန်းမြို့တွင် မဟာသင်္ကြန်အတာရေသဘင်ပွဲတော် အတက်နေ့ကို ပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ဆင်နွှဲနေသည်ကို တွေ့ရစဉ်။

လှိုင်မျိုးအောင်



အင်းလေးဒေသ အင်းပေါ်ခုံကျေးရွာအနီး ခေတ်ဆန်းယဉ်ရေကစားမဏ္ဍပ်၌ အင်းလေးရေပေါ်သင်္ကြန်အတက်နေ့တွင် ရေကစားသူများဖြင့် စည်ကားခဲ့ပြီး ညနေပိုင်းတွင် ပိတ်ပွဲအခမ်းအနား ကျင်းပစဉ်။

နေမျိုးသူရိန်

# ပိတောက်အတွေး ငုအတွေး

ကောင်းစံရှီ

ဂိမာန်အကူး နွေဦးရာသီရောက်ခဲ့ပြီ။ တန်ခူးလတဲ့။ မြန်မာတို့၏ နှစ်ဟောင်းကုန်ဆုံး နှစ်သစ်အကူး ကာလ အချိန်အခါလည်းဖြစ်သည်။ မြူတွေအုံ့ဆိုင်း တိမ်တွေမှိုင်းလျက် ပတ်ဝန်းကျင်၏ မြင်ကွင်းတို့မှာ ဝေဝါးမှုန်မှိုင်းနေတတ်သည်။ သည်အချိန်၊ သည်ကာလတွင် ရွက်ဟောင်းတွေကြွေ၊ ရွက်သစ်တွေဝေကာ ပတ်ဝန်းကျင်သည် စိမ်းစိုလှပနေသည်။ သစ်ပင်ဝါးပင်များသည် ခွန်အားသစ်များဖြင့် လောကကို အလှဆင်နေပြီ။ ရွှေရောင်ဝါဝင်း ရွှေအဆင်းဖြင့် ရာသီပန်းများဖြစ်သော ပိတောက်ပန်းနှင့်ငုပန်းတို့မှာလည်း အလှချင်းဆိုင် ဂုဏ်ချင်းပြိုင်လျက် ဖူးပွင့်ဝေဆာ ပတ်ဝန်းကျင်ကို အလှဆင်နေကြပြီ။ ရိုးတံစိမ်းစိမ်း ပွင့်ဖတ်ဖြူဖြူ ဝတ်မှုန်ဝါဝါရွှေရောင်ဖြာနေသော ပန်းကံ့ကော်တို့ကလည်း အလှတွင်အယဉ်ဆင့်ပြီး တင့်တယ်ဝင့်ဝါ အလှဖြာလျက်ရှိသည်။ အဝေးတစ်နေရာမှနွေဦးရာသီ၏ တေးသီမပျက် ဥသြငှက်ငယ်၏ တွန်သံကို ကြားနေရသည်။ သဘာဝပတ်ဝန်းကျင်သည် သူ့သဘောကို သူဆောင်ကာ လောကကြီးကို အလှဆင်လျက် ရှိနေသည်။ မည်သည့်လူသား စက်ယန္တရားများမှ ဖန်တီးပေးခြင်း မဟုတ်။ ရာသီစက်ဝန်းနှင့်အတူ အချိန်မှန်လည်ပတ်နေသော ကာလယန္တရားကြီး၏ ဖြစ်စဉ်တစ်ခုသာဖြစ်သည်။



" ပိတောက်ပန်း၏ အသွင်သဏ္ဌာန်မှာလှပသည်။ မြတ်နိုးဖွယ်ရာလည်းဖြစ်သည်။ အရောင်အဆင်း၊ အနံ့အားဖြင့် ပြောစရာမရှိ။ သို့ရာတွင် အနှစ်သာရကို ကြည့်လိုက်တော့ သူများအားကိုးဖြင့် ပွင့်အာလာရသည့်အဖြစ်။ ကိုယ်စွမ်းကိုယ်စ မဲ့လှသည်။ ငုပန်းကတော့ သည်လိုမဟုတ်။ ကိုယ့်အင်ကိုယ့်အားနှင့် ဖူးပွင့်ဝေစည်နေတတ်သည်။ ဖူးချိန်တန်လျှင်ဖူးပြီး ပွင့်ချိန်တန်လျှင် ပွင့်အာလာတတ်သည်။ အနှစ်သာရအားဖြင့် ကိုယ်ပိုင်အရည်အချင်းတွေ အပြည့်ရှိသည်။ အသွင်သဏ္ဌာန်အားဖြင့်မူ အားရကျေနပ်ဖွယ်မရှိ။ လူအများ၏ နှစ်လိုခြင်းကိုလည်း မခံရ "

## ငုပန်းနှင့်ပိတောက်ပန်းတို့ အပြိုင်ဖူးပွင့်

တန်ခူးလကား ဂိမာန်ရာသီ၏ ဒုတိယလဖြစ်သည်။ နွေဦးရာသီ၏ သင်္ကေတအမှတ်အသားဖြစ်သော ငုပန်းနှင့်ပိတောက်ပန်းတို့ အပြိုင်ဖူးပွင့်မြဲဖြစ်ကြသည်။ အလှချင်းတော့ မတူကြ။ အဝါတော့ အဝါပဲ။ သို့ရာတွင် အဝါချင်းလည်းမတူကြပြန်။ ငုပန်းတို့၏ အဝါမှာ ဖျော့တော့တော့နိုင်လွန်းသည်။ အရောင်အသွေးအားဖြင့်လည်း တောက်ပခြင်းမရှိ။ ထို့အတူ အမွှေးနံ့ကလည်း ပိတောက်ပန်းလောက် စူးရှပြင်းထန်ခြင်းမရှိ။ ပိတောက်ပန်းကတော့ ကြွားကြွားဝံ့ဝံ့ရှိလှသည်။ အဝါရင့်ရင့်ဖြင့် ပတ်ဝန်းကျင်တွင် တောက်ပနေတတ်သည်။ စူးရှပြင်းထန်သည့် ရနံ့တို့ကလည်း ပတ်ဝန်းကျင်ကို လွှမ်းခြုံသင်းပျံ့နေစေသည်။ ပိတောက်ပန်းနှင့် ငုပန်းတို့မှာ နွေဦးရာသီတွင် ပွင့်တတ်သည့် ပန်းများဖြစ်ပြီး ပန်းချင်းတူညီငြားသော်လည်း လူအများ၏ အလေးထားခံရခြင်းမှာ တူညီခြင်းမရှိ။ လူအများတို့က ပိတောက်ပန်းကို အထွတ်အမြတ်ထား၊ တန်ဖိုးထားကြသည်။ သင်္ကြန်အခါများဆိုလျှင် တစ်နှစ်မှာ တစ်ခါသာပွင့်သောပန်းမို့ ပွင့်ဦးပန်းများကို ဘုရားမှာတင်လှူပူဇော်ကြသည်။ ပိတောက်ပန်းများပွင့်လာသောအခါ သူများတကာထက်ဦးအောင် ဆွတ်ခူးပြီး ချစ်သက်လက်ဆောင်အဖြစ် ပေးလေ့ရှိကြသည်။ ချစ်သက်လက်ဆောင်ရသော ပိတောက်ပန်းကို ခေါင်းတွင်ပန်ဆင်ပြီး ဝင့်ကြွားကြသည်။ သည်အချိန်တွင် ငုပန်းခမျာ မျက်နှာငယ်ရရှာသည်။ လူတွေက အလေးထားခြင်း မရှိကြ။ ငုပန်းဆိုတာကို ပန်းဟုပင် ယူဆကြဟန်မရှိ။

## အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

ပိတောက်ပန်းနှင့်ငုပန်းတို့မှာ တစ်နှစ်မှာတစ်ခါသာပွင့်သောပန်းများ ဖြစ်ကြသည်။ နှစ်သစ်ချိန်ခါ နွေဦးရာသီကာလတွင် ပွင့်သောပန်းများလည်း ဖြစ်ကြသည်။ နွေဦးရာသီတွင်ပွင့်သောပန်းများဖြစ်ပြီး တစ်နှစ်မှာတစ်ခါသာ ပွင့်သောပန်းများ ဖြစ်ကြပါလျက် ပိတောက်ပန်းနှင့်ငုပန်းတို့၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကတော့ တူညီခြင်းမရှိဟု တွေးတောခံစားဖြစ်မိသည်။

ပိတောက်ပန်းမှာ အဖူးအငုံတွေဖြင့် ပြည့်နေငြား သူ့အားသူ့အင်ဖြင့် ပွင့်လန်းနိုင်ခြင်းမရှိ။ သင်္ကြန်မိုးလေးတစ်ဖြိုက် နှစ်ဖြိုက်လောက်ပက်ဖျန်းလိုက်မှ ပွင့်အာလာတတ်သည်။ ပိတောက်ပန်းကို ပွင့်နိုးပွင့်နိုးဖြင့် မျှော်ကိုးကြသူတို့ သင်္ကြန်မိုးအရွာကို စောင့်ကြရသည်။ မိုးကလေး တစ်ဖြိုက် နှစ်ဖြိုက်ရွာလိုက်ပြီဆိုတော့မှ ပိတောက်ပန်းတို့က ရဲရဲဝံ့ဝံ့ စွင့်စွင့်ငွားငွားဖြင့် ပွင့်အာလာကြသည်။ စွဲမက်ဖွယ်ရာသော အရောင်အဆင်း ရနံ့များဖြင့် လောကကို အလှဆင်ကြသည်။ ငုပန်းကတော့ ထိုသို့မဟုတ်။ အဖူးကလေးတွေ ဖူးလာမည်။ ပွင့်ချိန်တန်လျှင် ပွင့်လာမည်။ ဘယ်သူ၏အထောက်အပံ့ကိုမျှ မျှော်ကိုးခြင်းမရှိ။ ကိုယ့်အင်ကိုယ့်အား စွမ်းပကားဖြင့် ပွင့်အာလာခြင်းဖြစ်သည်။ ဂိမာန်အကူး နှစ်ဦးအစ ဖူးပွင့်လေ့ရှိသော ပန်းနှစ်ခုကိုကြည့်ပြီး နှိုင်းယှဉ်စဉ်းစားမိခဲ့ခြင်းဖြစ်သည်။

ပိတောက်ပန်း၏ အသွင်သဏ္ဌာန်မှာလှပသည်။ မြတ်နိုးဖွယ်ရာလည်းဖြစ်သည်။ အရောင်အဆင်း၊ အနံ့အားဖြင့် ပြောစရာမရှိ။ သို့ရာတွင်အနှစ်သာရကိုကြည့်လိုက်တော့ သူများအားကိုးဖြင့် ပွင့်အာလာရသည့်အဖြစ်။ ကိုယ်စွမ်းကိုယ်စ မဲ့လှသည်။ ငုပန်းကတော့ သည်လိုမဟုတ်။ ကိုယ့်အင်ကိုယ့်အားနှင့် ဖူးပွင့်ဝေစည်နေတတ်သည်။ ဖူးချိန်တန်လျှင် ဖူးပြီးပွင့်ချိန်တန်လျှင် ပွင့်အာလာတတ်သည်။ အနှစ်သာရအားဖြင့် ကိုယ်ပိုင်အရည်အချင်းတွေ အပြည့်ရှိသည်။ အသွင်သဏ္ဌာန်အားဖြင့်မူ အားရကျေနပ်ဖွယ် မရှိ။ လူအများ၏ နှစ်လိုခြင်းကိုလည်း မခံရ။

ငုပန်းသည် ကိုယ့်အားကိုယ့်အင်၊ ကိုယ်စွမ်းသတ္တိဖြင့်ဖူးပွင့်လာသည်ဆိုငြား လောကကို အလှဆင်နိုင်ခြင်းကားမရှိ။ သူ့ကိုယ်ထီးထီးဖြင့် ရပ်တည်နေသောပန်းဖြစ်သည်။ လူအများ၏ မြတ်နိုးတွယ်တာခြင်းကိုလည်း ရယူနိုင်ခြင်းမရှိ။ ပိတောက်ပန်းကတော့ သည်လိုမဟုတ်။ ကိုယ်ပိုင်အရည်အသွေးတွေရှိသည်။ သို့ရာတွင် သူများ အကူအညီဖြင့်သာ ဖူးပွင့်လာနိုင်ခြင်းဖြစ်သည်။ သာမန်အားဖြင့်ကြည့်လျှင် ပိတောက်ပန်းမှာပင် ကိုယ်အရည်အသွေး၊ ကိုယ်စွမ်းကိုယ်စတွေနည်းလှသည်ဟု ထင်မှတ်စရာရှိသည်။ သို့ရာတွင် သူတစ်ပါးအား မှီခို၍ ဖူးပွင့်လာရသော အခါတွင်ကား ကိုယ်ပိုင်အစွမ်းအစကို အစွမ်းကုန် လှစ်ပြလာတော့သည်။ ရွှေဝါရောင်အဆင်းဖြင့် လောကကို အလှဆင်သည်။ သင်းထုံမွှေးကြိုင်သော ပန်းရနံ့ဖြင့် လောကကြီးကို မွှေးရနံ့တို့ဖြင့် သင်းပျံ့စေသည်။ မိမိ၏အသွင်သဏ္ဌာန်ဖြင့် လောကကို အလှဆင်သည်။လူအများတို့ကြည်ညိုတန်ဖိုးထားကိုးကွယ်သောဗုဒ္ဓဘုရားရှင်အား ဆက်ကပ်လှူဒါန်းပူဇော်ပြီး ကုသိုလ်ကို ရယူစေနိုင်သည်။ ချစ်သူတို့အကြား ပွင့်ဦးပွင့်ဖျား ပိတောက်လက်ဆောင်ပေး၍ ကြည်နူးရွှင်လန်းမှုကို ပေးသည်။ ပိတောက်ပန်းသည် သူတစ်ပါးကိုမှီခို၍ ပွင့်လာရသည်ဆိုငြား၊ ကိုယ်၏အစွမ်းအစကို ယုံကြည်မှုဖြင့် ဝင့်ကြွားတောက်ပနေသည်။ ပိတောက်နှင့် ငုပန်းတို့ယှဉ်လျှင် ငုပန်းမှာအရာမဝင်တော့။

## ဥသြငှက်

တစ်ဆက်တည်းမှာပင် အများတကာတို့က ကြင်နာသနားနေကြသော ဥသြငှက်ငယ်၏ အကြောင်းကိုလည်း တွေးတောဆင်ခြင်ဖြစ်မိပြန်သည်။ ဥသြငှက်တို့မှာ မိမိကိုယ်ပိုင်အသိုက်အမြုံ မရှိကြ။ မိမိ၏ရင်သွေး ဥကိုဥရာတွင်ပင် အရောင်အသွေးတူကျီးကန်းများ၏ အသိုက်သို့ဝင်၍ဥတတ်ကြသည်။ ဥမှအကောင်ပေါက်လာသည့်တိုင် ကြည့်ရှုစောင့်ရှောက်ခြင်း မရှိတတ်ကြ။ တာဝန်ယူခြင်းလည်းမရှိ။ တာဝန်မဲ့လွန်းလှသည်။ အများပြောကြသည့်မိခင်စိတ်ဆိုသည်မှာ ဝေလာဝေး။ ဥသြငှက်တို့နှင့်လားလားမှ မဆိုင်သလိုပင်။ သို့ရာတွင် ဘဝပေးအခြေအနေကြောင့် ဖြစ်တည်လာရသောဘဝတွင် သူ၏အသံသာသာကလေးဖြင့် လောကကိုအလှဆင်နေပြန်သည်။

## အားသစ်အင်သစ်များဖြင့် ခရီးဆက်ကြမည်

ဂိမာန်နှင့်အတူ သင်္ကြန်ကျရောက်ခဲ့ပြီ။ ကူးပြောင်းခြင်း အနက်အဓိပ္ပာယ်ကိုဆောင်သော သင်္ကြန်ကာလမှာ ကုန်ဆုံးလွန်မြောက်တော့မည်။ သင်္ကြန်နှင့်အတူ နှစ်ဟောင်းကို စွန့်ပစ်၊ နှစ်သစ်တစ်နှစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့ပြီ။ သင်္ကြန်ကာလတွင် နှစ်ဟောင်းအညစ်အကြေးများကို သင်္ကြန်ရေဖြင့် ဆေးကြောခဲ့ကြသည်။ သင်္ကြန်ရေ၏ ထူးကဲသော မင်္ဂလာနိမိတ်ဖြစ်သည့် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးများကို ဆေးကြောသန့်စင်စေခြင်း၊ ရေကိုသား၍ အကြားမထင်ဘဲ တစ်ဆက်တစ်စပ်တည်းရှိခြင်း စသည့်အတိတ်နိမိတ်ကို ဆောင်ယူ၍ နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။ တစ်နှစ်တာကာလအတွင်းလုပ်ခဲ့ ကိုင်ခဲ့သည်များကို ဆင်ခြင်သုံးသပ်ပြီး နှစ်သစ်တွင် စိတ်သစ်၊ အတွေးသစ်များကို မွေးဖွားပြီး အားသစ်အင်သစ်များဖြင့် ခရီးဆက်ကြမည်။

လူ့လောကကို လေ့လာသောအခါ ကိုယ်ပိုင်အစွမ်းအစဖြင့် ဘဝကိုရပ်တည် တည်ဆောက်နိုင်သူ၊ ကိုယ်ပိုင်အရည်အသွေးမရှိသော်လည်း သူတစ်ပါးကိုမှီခိုကာ သူတစ်ပါး၏ အစွမ်းအစကိုမှီခိုပြီး ဘဝကို ရပ်တည် တည်ဆောက်နေရသူများ စသည်ဖြင့် လူအမျိုးမျိုးကို တွေ့ရနိုင်သည်။ မိမိတို့ကိုယ်တိုင်လည်း ထိုလူစားများထဲတွင်တစ်မျိုးမျိုး၌ ပါဝင်ရှိနေနိုင်သည်။

မိမိတို့ဘဝကို မိမိတို့ဖန်တီး ရပ်တည် တည်ဆောက်ကြရာ၌ မိမိကိုယ်ကို မိမိ ဆင်ခြင်သုံးသပ်သလို၊ မိမိတို့ပတ်ဝန်းကျင်ရှိ သဘာဝတောတောင်များ ဖြစ်တည်နေသည့်အခြေအနေများကို လေ့လာသုံးသပ်ကာ ဆင်ခြင်စဉ်းစားသုံးသပ်နိုင်ကြမည်။ သည်လိုသုံးသပ်ဆင်ခြင်ရာ၌ ဝေးဝေးလံလံကိုကြည့်၍ သုံးသပ်ဆင်ခြင်စရာမလို။ မိမိ၏ အတွင်းသရုပ်ကို ပြန်ကြည့်ပြီး မိမိကိုယ်ကို မိမိဝေဖန်သုံးသပ်နိုင်ကြသည်။ထို့အတူ မိမိ၏ ပတ်ဝန်းကျင်၌ ဖြစ်တည်နေသည့် အဖြစ်အပျက်အကြောင်းအရာများကို ကြည့်ရှုဆင်ခြင်၍လည်း ဘဝနှင့်ယှဉ်ကာ သုံးသပ်ဆင်ခြင်နိုင်ကြသည်။ နှစ်ဟောင်းကိုချန်ရစ်၊နှစ်သစ်တစ်နှစ်သို့ ခရီးဆက်ကြရာတွင် မိမိနှင့် အနီးပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် သြကာသလောကအတွင်း အဖြစ်အပျက်များ၊ အကြောင်းအရာများမှ သင်ခန်းစာရယူနိုင်ကြသည်။ တွေးတောဆင်ခြင်နိုင်ကြသည်။

မိမိတို့ရှေ့ဆက်ရမည့်ခရီးတွင် ပိတောက်ပန်းလို ကိုယ်ပိုင်အစွမ်းအစဖြင့် ပွင့်အာခြင်းမရှိနိုင်သည့်တိုင် ပွင့်အာခွင့်ရလာသောအခါတွင်ကား မိမိ၏ဖုံးကွယ်ထားသောအရည်အသွေးများကို အစွမ်းကုန်လှစ်ပြကာ လောကကိုအလှဆင်ပြီး လူအများကို ပြုံးပျော်မှုပေးနိုင်သောပိတောက်ပန်းလို လူစားအဖြစ် ရပ်တည်သွားကြမလား။ မိမိ၏ကိုယ်ပိုင်အစွမ်းသတ္တိဖြင့် ဖူးပွင့်လာငြားသော်လည်း လောကနှင့်ပတ်ဝန်းကျင်ကို ထိုက်တန်သည့် အကျိုးပြုနိုင်ခြင်းမရှိ၊ အလှဆင်ခြင်းလည်း မပြုနိုင်။ငါတကော ကောကာ ငါသာလျှင်ငါဟု တစ်ကိုယ်ထီးထီး ရပ်တည်ဝင့်ဝါနေသောငုပန်းကို စံနမူနာယူကြမလား။ ဥသြငှက်လို ဘဝအနေအထားအရ ဖြစ်တည်လာရငြားသော်လည်း ဖြစ်တည်လာသည့်ဘဝတွင် တေးချိုချိုသီဆိုရင်း လောကကို မိမိတတ်စွမ်းသမျှ အလှဆင်သူတစ်ဦးအဖြစ် ရှေ့သို့ခရီးဆက်ကြမလား။

နှစ်သစ်ချိန်ခါတွင် မိမိကိုယ်ကို မိမိဝေဖန်စဉ်းစားဆင်ခြင်ရန် အတွေးတစ်စကို စာရေးသူရရှိခံစားလိုက်ရသည်။ ထိုအတွေးကား ပိတောက်အတွေး၊ ငုအတွေး။ ။

# နှစ်ဆန်းတစ်ရက်မှသည်

❖ မြင့်ကျည်ညို၊ ဥဩပျိုက
ခွန်းချိုပလီ၊ နှိုးခဲ့သည်တွင်
နေခြည်လှုံ၍ ငါနိုးထ။
ရောင်နီမြူးစ ပန်းဖူးစ။

❖ သင်္ကြန် လက်ဆေး
မိုးပြေးတစ်ပေါက်၊ ရေကြည်သောက်၍
ပိတောက်ပွင့်ဦး၊ ရွှေရည်လူးခိုက်
ညွှတ်နူးရှင်ပျ ငါနိုးထ။
ရောင်နီ ပြေးစ ပန်းမွှေးစ။

❖ မြေသင်းနံ့ဖြင့်
ပြန့်ပြူးလေပြည်၊ သွေးခဲ့သည်၌
စိုးစီငှက်များ၊ တေးသံကြား၏
ကြားသည့်ခဏ ငါနိုးထ။
မေတ္တာတေးလှ စီးဆင်းစ။

❖ နှောင်ဝေဆူညံ၊ ကြေးစည်သံနှင့်
နာခံချမ်းမြ၊ မွေးမေလှ၏
ဗုဒ္ဓပူဇာ၊ ပို့မေတ္တာဝယ်
သာဓု သာဓု၊ သန့်စင်ပြုသည်
ကုသိုလ်မှုဖြင့် ငါနိုးထ။
ကြည်နူးပါလှ နှစ်သစ်စ။

❖ နှစ်ဆန်းတစ်ရက်၊ နွေနံနက်တည့်
စိတ်လက်ကြည်ရွှင်၊ နိုးထစဉ်၌
ရင်မှညွှတ်ပျောင်း၊ ငါဆုတောင်း၏
မကောင်းသူပယ်၊ ကောင်းသူ ကယ်၍
လူ့နယ်တစ်လွှား၊ တရားနတ်စောင့်
စကားဖြောင့်စွာ၊ သစ္စာကတိ
အိုးတိုင်းပြည့်စေ၊ မရှိ မမျှ
မဝ မလှ၊ ဒုက္ခ မသန်း
သုခချမ်းသာ၊ ခညောင်းပါစေ
ဒါန သီလ၊ မေတ္တာငှလျက်
ရန်စမသီ၊ ချစ်မြတ်ကြည်လျက်
ညီညွတ်ရိုင်းပင်း၊ အောင်မြင်ခြင်းသို့
လမ်းခင်းဖြောင့်ဖြူး နိုင်ကြစေ။

❖ နှစ်သစ်ကိုမှီ၊ တိုင်းကျိုးရည်၍
ညီညွတ်ပေကြ၊ ဖြောင့်မှန်ကြစွာ
အလှကိုဖွေ၊ အခြေကိုမြှင့်
အမြင့်ကိုတက်၊ ဆင့်ကမ်းလက်ဖြင့်
ခန်းဆက်တာဝန်၊ ထမ်းကျေပွန်လျက်
မိုးစွန် ကြယ်စင် ဆွတ်နိုင်စေ။
တို့တိုင်းရွှေပြည် ဝင့်နိုင်စေ။ ။

**ဇော်မင်းမင်းဦး**

# မြို့နယ်များ၌ ဥပုသ်သီလ ဆောက်တည်သူများ စည်ကား



**သန်လျင်**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ၁၃၈၄ ခုနှစ်မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အတက်နေ့နံနက်ပိုင်းမှစ၍ ကောင်းမှု ကုသိုလ်ပြုကြသူများသည် ဘုန်းတော်ကြီးကျောင်းများ၊ တရားရိပ်သာများ၊ ဘုရား၊ ကျောင်းကန်များ၌ ဥပုသ်သီလဆောက်တည်သူများ၊ တရားစခန်း ဝင်ရောက်သူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းသူများ၊ တရားဘာဝနာ အားထုတ်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ မဟာသင်္ကြန် ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးအစီအစဉ်တွင်လည်း ပြည်သူများပျော်ရွှင်စွာ ရေကစားလျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

**ဘီးလင်း**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ မဟာသင်္ကြန်အတက်နေ့နံနက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလဆောက်တည်သူများ၊ ကောင်းမှုကုသိုလ် ပြုလုပ်သူများဖြင့် စည်းကားလျက်ရှိကြောင်း သိရသည်။

မြန်မာတို့၏ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းသော မဟာအတာသင်္ကြန်ကာလတွင် ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ပြည်သူများက ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလခံယူဆောက်တည်ခြင်း တရားဘာဝနာပွားများအားထုတ်ခြင်း၊ ဘုရားစေတီများတွင် ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း စသည့်ကုသိုလ်ကောင်းမှုများကို ပြုလုပ်ဆောင်ရွက်ကြပြီး အလှူရှင်များကလည်း ဥပုသ်သီလ ဆောက်တည်သူများအား စတုဒိသာအဖြစ် သင်္ကြန်ထမင်း၊ ကြာဆံဟင်းခါးတို့ဖြင့် ကျွေးမွေးလှူဒါန်းခြင်းများဖြင့် လူငယ်များက လုပ်အားဒါနကုသိုလ်ယူလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကြံခင်းမြို့နယ်၌ (၃၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပ

**ကြံခင်း ဧပြီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ နှစ်သစ်အခါတွင် နှစ်စဉ်ကျင်းပသော (၃၄)ကြိမ်မြောက် သက်ကြီးဘိုးဘွားပူဇော်ပွဲကို မဟာသင်္ကြန် (အကြတ်နေ့) ယမန်နေ့ညနေပိုင်းက ကြံခင်းမြို့ မြို့မရပ်ကွက် ပန်းကုံးရပ် ဒီပင်္ကရာမြတ်စွာဘုရားဂန္ဓကုဋိတိုက်တွင် ကျင်းပကြောင်း သိရသည်။

ထိုသို့ ကျင်းပရာတွင် ပန်းကုံးရပ် လူငယ်မောင်/မယ်များက အသက် ၆၅ နှစ်အထက် သက်ကြီးအဘိုး ၃၂ ဦးနှင့် အဘွား ၄၅ ဦးတို့အား အတာရေဖြင့် ကန်တော့ခြင်း၊ တရော်ကင်မွန်းဖြင့် ခေါင်းဆေးပေးခြင်း၊ ခြေသည်း လက်သည်းလှီးဖြတ်ပေးခြင်း၊ သနပ်ခါး နံ့သာများလိမ်းပေးခြင်းများ ပြုလုပ်ပြီး အဘွားများကို ဂါရဝပစ္စည်းများဖြင့် ကန်တော့ကြရာ အဘိုးဦးအေးသောင်းက ဆုတောင်းမေတ္တာချီးမြှင့်သည်။

ထို့နောက် သက်ကြီး ဘိုးဘွားများနှင့် ပန်းကုံး လူငယ်မောင်/ မယ်အဖွဲ့များက ဂိုဏ်းထောက်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသ (သာသနာဓဇဓမ္မာစရိယ အကျော်)ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြကာ ကောင်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေ သာဓုသုံးကြိမ် ခေါ်ဆိုကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့၌ သင်္ကြန်အတက်နေ့ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲ

**ကျောင်းကုန်း ဧပြီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့ရှိ ဗဟိုမဏ္ဍပ်၌ သင်္ကြန်အတက်နေ့နံနက်ပိုင်းက ပျော်ရွှင်စွာဖျော်ဖြေကပြ သီဆိုကာ ရေပက်ကစားခဲ့ကြသည်။ အလှူရှင်များကလည်း နေ့စဉ် မုန့်လုံးရေပေါ်များ၊ မုန့်လက်ဆောင်းများ၊ ထမင်း/ဟင်းများဖြင့် လှူဒါန်းကျွေးမွေးခဲ့ကြကြောင်း သိရသည်။



ကျောင်းကုန်းမြို့နယ် မြို့ပေါ်ငါးရပ်ကွက်ဖြစ်သော အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်တို့မှ ယိမ်းအဖွဲ့များနှင့်ပညာရေးဌာနမှ ယိမ်းအဖွဲ့များ၊ မြို့နယ်သဘင်အစည်းအရုံးမှ မြန်မာသံစဉ်တေးသံရှင်များ၊ စတူဒီယိုတေးသံရှင်များနှင့် ခေတ်ပေါ်တေးသံရှင်များက အလှည့်ကျညွှန့်ခံ ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ဖြူးမြို့နယ်၌ မဟာသင်္ကြန်အတက်နေ့ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲ

**ဖြူး ဧပြီ ၁၆**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ၂၀၂၃ ခုနှစ် ဧပြီ ၁၆ ရက် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အတက်နေ့ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

မဟာသင်္ကြန်ပွဲတော်(အတက်နေ့)တွင် ဗဟိုသင်္ကြန်မဏ္ဍပ်၌ သင်္ကြန်သီချင်းများ သီဆိုကာ ယိမ်းအလှမယ်များက ကပြဖျော်ဖြေခြင်း၊ ရေကစားမဏ္ဍပ်၌ ရေကစားခြင်းနှင့် ရပ်ကွက်အတွင်း ရေလောင်းရေပက်ခြင်း၊ စတုဒိသာကျွေးမွေးခြင်းများကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မုဒုံမြို့နယ်၌ ပြည်သူများအား စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းဖြင့် စည်ကား

**မုဒုံ ဧပြီ ၁၆**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ မဟာသင်္ကြန်အတတ်နေ့တွင် ကန်ကြီးစေတီတော်နှင့် ရပ်ကွက်၊ ကျေးရွာများ၌ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းဖြင့် အထူးစည်ကားလျက်ရှိသည်။

သမိုင်းဝင်ဆံတော်ရှင် ကန်ကြီးစေတီတော်မြတ်ကြီး၌ အလှူရှင်များစုပေါင်း၍ ကြက်သားပဲဟင်း၊ သင်္ကြန်ထမင်းကိုလည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မုန့်လုံးရေပေါ်၊ ခေါက်ဆွဲကြော်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်မှ မုန့်လက်ဆောင်းနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ မဟာသင်္ကြန်ကာလအတွင်း မဏ္ဍပ်ငယ်များ၌ ရိုးရာအစားအစာများကို ကျွေးမွေးလှူဒါန်းခြင်းဖြင့် ကုသိုလ်ယူကြကာ ဒေသခံပြည်သူများနှင့် ရေလောင်းရေပက်ခံသူများက မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ရေသဘင်ပွဲတော်ကို အေးချမ်းစွာ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြန်မာ့ရိုးရာအတာသင်္ကြန်(အတက်နေ့)တွင် မန္တလေးမြို့လုံးအနှံ့ သင်္ကြန်ရေသဘင်ပွဲတော် နွှဲပျော်ကြသူများ၊ အပန်းဖြေအနားယူကြသူများဖြင့် တစ်ခဲနက်စည်ကား

မန္တလေး ဧပြီ ၁၆

**ယနေ့သည် မြန်မာ့ရိုးရာအတာသင်္ကြန် (အတက်နေ့) ဖြစ်သည်နှင့်အညီ မန္တလေးမြို့ ကျုံးပတ်လည်တစ်လျှောက်ရှိ သင်္ကြန်မဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန် ဇရိယာတစ်လျှောက်နှင့် အထင်ကရနေရာများတွင် ရေသဘင်ပွဲဆင်နွှဲကြသူများ၊ အပန်းဖြေကြသူများဖြင့် တစ်ခဲနက်စည်ကားလျက်ရှိသည်။**



နံနက်ပိုင်းမှစတင်၍ မဟာမုနိရုပ်ပွားတော်မြတ်ကြီး၊ အောင်တော်မူမြတ်စွာဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ မန္တလေးတောင်၊ ကုသိုလ်တော်၊ စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရား စသည့်ဘုရားတို့တွင် တရားဘာဝနာအားထုတ်ကြသူများ၊ ဥပုသ်သီလဆောက်တည်ကြသူများနှင့် စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့သည် စိတ်ပျော်ရွှင်ချမ်းမြေ့စရာ ကောင်းလှသည့် မဟာသင်္ကြန်၏ နောက်ဆုံးရက်ဖြစ်သည်နှင့်အညီ သင်္ကြန်ကို ချစ်မြတ်နိုးကြသည့် သင်္ကြန်ချစ်သူပြည်သူများကလည်း မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်အပါအဝင် ကျုံးပတ်လည်ရှိ သင်္ကြန်မဏ္ဍပ်များ၌ မြိုင်မြိုင်ဆိုင်ဆိုင် လာရောက်ရေကစားကြပြီး တေးသံရှင်များနှင့် အနုပညာရှင်များက အတာသင်္ကြန်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြကာ ဝန်ကြီးဌာနများနှင့် ယိမ်းအကအဖွဲ့များက ယိမ်းအကအလှများဖြင့် တပျော်တပါး ကပြဖျော်ဖြေကြသည်။

ယခုနှစ်တွင် အထူးအစီအစဉ်အဖြစ် ထည့်သွင်းထားသည့် ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး မြန်မာ့ရိုးရာ လမ်းလျှောက်အတာသင်္ကြန်နှင့် ကျုံးတောင်ဘက်ခြမ်းရှိ (၂၆ လမ်း၊ ၆၆ လမ်းမှ ၇၈ လမ်းအထိ) လမ်းလျှောက်သင်္ကြန်တို့၌လည်း သင်္ကြန်ဇုန်များ၊ နိုင်ငံကျော်အဆိုတော်များနှင့် အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ စတုဒိသာမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များနှင့် အပန်းဖြေအနားယူနိုင်မည့် အစီအစဉ်ကောင်းများကိုလည်း ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ လာရောက်ပါဝင် ဆင်နွှဲသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

မန္တလေးသင်္ကြန်ပွဲကို ပါဝင်ဆင်နွှဲနေသည့် မန္တလေးသားတစ်ဦးဖြစ်သူ ကိုမောင်မောင်ဦးက "ကျွန်တော်တို့ မန္တလေးသင်္ကြန်ကို မြို့ခံတွေအပြင် အနယ်နယ်အရပ်ရပ်က သင်္ကြန်ချစ်သူတွေ မြိုင်မြိုင်ဆိုင်ဆိုင် လာရောက်လည်ပတ် ဆင်နွှဲနေတာ မြင်ရတဲ့အတွက် တော်တော်ပျော်ရွှင်မိပါတယ်။ ဒီနေ့က သင်္ကြန်နောက်ဆုံးရက် ဖြစ်တဲ့အတွက် သင်္ကြန်မဏ္ဍပ်တိုင်းမှာ လူအပြည့်ပါပဲ။ ဖျော်ဖြေရေး အစီအစဉ်တွေကလည်း မဏ္ဍပ်တစ်ခုနဲ့တစ်ခု မတူညီဘဲ ထူးခြားဆန်းသစ်မှုရှိကြပါတယ်။ လမ်းလျှောက်သင်္ကြန်နဲ့ မန္တလေးမြို့ရဲ့ အထင်ကရလည်ပတ်စရာ နေရာတွေဖြစ်တဲ့ ဦးပိန်တံတားနဲ့ တောင်သမန်အင်းမှာလည်း အပန်းဖြေအနားယူသူတွေ ပြည့်နှက်နေပါတယ်။ နှစ်ဟောင်းက စိတ်ပင်ပန်းနွမ်းနယ်မှုတွေကို အခုမြန်မာ့ရိုးရာသင်္ကြန်ပွဲမှာ စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်မှုရအောင် စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်" ဟု ပြောသည်။



အလားတူ မန္တလေးကျုံးမြောက်ဘက်နှင့် အနောက်ဘက်ခြမ်းတို့တွင်လည်း သင်္ကြန်ချစ်သူ မိသားစုများ၊ သူငယ်ချင်း၊ မိတ်ဆွေများစုပေါင်း၍ ရေစုပ်စက်များဖြင့် သင်္ကြန်ရေပက်ခံကားများ၊ ဆိုင်ကယ်များကို တပျော်တပါး ရေပက်ဖျန်းခြင်း၊ မြို့နယ်၊ ရပ်ကွက်များအလိုက် လူငယ်များ၊ ကလေးငယ်များ အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားခြင်းနှင့် တစ်နိုင်တစ်ပိုင်စုပေါင်း၍ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသည့် မြင်ကွင်းသည်လည်း မြန်မာ့ရိုးရာအတာသင်္ကြန်၏ အလှကို ပိုမိုပေါ်လွင်စေခဲ့သည်။

မန္တလေးဈေးချိုတော် နာရီစင်အနီးတွင်လည်း မန္တလေးမြို့ဂုဏ်ဆောင် မြို့မတူရိယာအသင်းနှင့် တွဲဖက်၍ ဈေးချိုသူရေကစားမဏ္ဍပ်ကို ဖွင့်လှစ်ထားပြီး သင်္ကြန်၏အနှစ်သာရကို ပေါ်လွင်စေမည့် သင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ သင်္ကြန်ချစ်သူ မန္တလေးမြို့သူ၊ မြို့သားများဖြင့် ပြည့်နှက်လျက်ရှိသည်။

ထိုသို့ မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ စိတ်လက်အေးချမ်းပျော်ရွှင်စွာ အနားယူ အပန်းဖြေနိုင်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းအဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

**မောင်အေးချမ်း၊ ဓာတ်ပုံ – Ai (Mdy)**

❖ *ကျောဖုံးမှ*

သင်္ကြန်တေးသံသာများနှင့်အတူ ဝန်ကြီးဌာနများ၊ ခရိုင်/မြို့နယ်များမှ သင်္ကြန်ယိမ်းအဖွဲ့ လှပျိုဖြူလေးများ၏ ညီညာသည့် ယိမ်းနွဲ့နွဲ့ သင်္ကြန်အကအလှတို့ကလည်း မျက်စိပသာဒ၊ နားပသာဒရှိသလို မြို့တော်ဝန်မဏ္ဍပ်မှပက်ဖျန်းပေးသည့် အတာရေအေးအောက်တွင် လာရောက်ရေကစားကြသည့် ပြည်သူတို့တေးသွားသံစဉ်စည်းချက်များနှင့်အတူ ကခုန်ပျော်ရွှင်နေမှုက မြင်တွေ့ရသူများကိုပါ အပျော်များကူးစက်စေခဲ့သည်။

ရေကစားကြသည့် သင်္ကြန်ချစ်မြတ်နိုးကြသူတို့ မမောနိုင် မပန်းနိုင်ကြ။ အပြုံးကိုယ်စီ၊ ပျော်ရွှင်မှုကိုယ်စီဖြင့် တစ်နှစ်တာ ဖြတ်သန်းခဲ့ရသည့် ဘဝအမောများ၊ အခက်အခဲများ၊ စိန်ခေါ်မှုများကို သင်္ကြန်ရေနှင့်အတူ ဖြေဖျောက်ကြရင်း မင်္ဂလာနှစ်သစ်ကို ကြိုဆိုနေကြဟန်ရှိသည်။ နောက်ဆုံးနေ့ဖြစ်သည့်အတွက် လာရောက်ရေကစားကြသူများ ပိုမိုများပြားခဲ့သလို မည်သူတစ်ဦး တစ်ယောက်ကိုမျှ ထိခိုက်ခြင်းမရှိသည့် လွတ်လပ်ပျော်ရွှင်မှုမျိုးဖြင့် သင်္ကြန်တေးသီချင်းများကို လိုက်ပါသီဆို၊ ကခုန်ကာ ဩဘာသံများလည်း ပေးခဲ့ကြသည်။ ပြည်သူများ တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို မောင်ရင်းနှမ စိတ်မျိုးဖြင့် နွေးထွေးချစ်ကြည်စွာ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲနေသည့် မြင်ကွင်းက အေးချမ်းလှသည်။

ပျော်ရွှင်အေးချမ်းစွာ ရေကစားနိုင်ရန် တာဝန်ရှိသူ အသီးသီးကလည်း ဖျော်ဖြေရေး အစီအစဉ်များ စနစ်တကျဖြစ်စေရေး၊ ရေပြတ်လပ်မှု မရှိစေရေး၊ ယာဉ်ကြောများ ပိတ်ဆို့မှုမရှိစေရေးနှင့် လုံခြုံရေးကိစ္စရပ်များကို ဂရုတစိုက် ဆောင်ရွက်ပေးလျက်ရှိကြသည်။

ထို့ပြင် ယခုနှစ်တွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန်က နိုင်ငံသူ၊ နိုင်ငံသားအားလုံးကို နှစ်ဟောင်းကုန်ပျောက် နှစ်သစ်ရောက်ထွန်းတောက်မင်္ဂလာရှိပါစေ။ နှစ်သစ်မင်္ဂလာ ဒီချိန်ခါ စိတ်မှာညစ်မည်း ကင်းပါစေ။ နှစ်သစ်မင်္ဂလာများသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ။ တစ်နှစ်ပတ်လုံး စိတ်ဖြူဖုံး ရွှင်ပြုံးကြည်သာ ရှိပါစေ။ ကုသိုလ်ကျန်းမာပညာ စီးပွားဒီရေလား တိုးပွားကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သပေးခဲ့သည်။

၁၂ လရာသီ ပွဲတော်များအနက်မှ အလွန်လေးနက်ထူးခြားလှသည့် အမျိုးသားရေးယဉ်ကျေးမှုအနှစ်သာရများဖြင့် ကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို မြတ်နိုးဖွယ်ရာ အစဉ်အလာကောင်းများနှင့်အတူ နေပြည်တော်၌ နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်လှစ်၍ ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်မှာ (၁၂) ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဧပြီ ၁၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုအတွင်း လုံခြုံရေးဆိုင်ရာ စီမံမှုများနှင့်ပတ်သက်ပြီး ဆွေးနွေးမှုပြုလုပ်ရန် ဂျပန်အကြမ်းဖက်တိုက်ဖျက်ရေး ကျွမ်းကျင်သူတစ်ဦး တောင်းဆို



လူထုရေးရာမူဝါဒကောင်စီ၏ သုတေသနဌာနအကြီးအကဲ အိတာဘာချီအိဆာအို။

**တိုကျို ဧပြီ ၁၆**

ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး လှုပ်ရှားမှုများအတွင်း လုံခြုံရေးဆိုင်ရာ စီမံမှုများနှင့် ပတ်သက်ပြီး ဆွေးနွေးမှုပြုလုပ်ရန် ဂျပန်အကြမ်းဖက်တိုက်ဖျက်ရေးကျွမ်းကျင်သူတစ်ဦးက တောင်းဆိုလိုက်သည်။ လက်ရှိအစိုးရဝန်ကြီးချုပ်ကို ပစ်မှတ်ထားတိုက်ခိုက်မှုသည် အလွန်စိုးရိမ်စရာကောင်းသော ကိစ္စရပ်တစ်ခုဖြစ်ကြောင်း ၎င်းက ပြောသည်။

ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါသည် ဧပြီ ၁၅ ရက်တွင် ဂျပန်နိုင်ငံအနောက်ပိုင်း ဝါကာယာမာမြို့သို့ ခရီးစဉ်အတွင်း မီးခိုးဗုံးဟု ယူဆရသည့် အရာဝတ္ထုတစ်ခု ၎င်းအနီးနားသို့ ပစ်ပေါက်ခံရပြီး သံသယရှိသူတစ်ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ပြီးနောက် လူထုရေးရာမူဝါဒကောင်စီ၏ သုတေသနဌာနအကြီးအကဲ အိတာဘာချီအိဆာအိုက အင်န်အိတ်ချ်ကေသို့ ပြောကြားခြင်း ဖြစ်သည်။ ရုပ်သံဖိုင်ထဲမှ ဖောက်ခွဲရေးပစ္စည်းကိရိယာသည် ဆလင်ဒါပုံသဏ္ဌာန်ရှိပြီး မီးခိုးလုံးများ ထွက်လာသောကြောင့် သံမဏိပိုက်ဗုံးတစ်လုံးဖြစ်နိုင်ကြောင်း အိဆာအိုက ပြောသည်။ အခင်းဖြစ်ပွားရာနေရာမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပစ်ပေါက်လိုက်သော အရာဝတ္ထုတစ်ခုကို လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ပြီး ဝန်ကြီးချုပ်ကိုလည်း ဘေးလွတ်ရာသို့ အန္တရာယ်ကင်းစွာ ပို့ဆောင်နိုင်ခဲ့ကြောင်း အိတာဘာချီအိဆာအိုက ပြောသည်။

ထို့အပြင် ၎င်းက အရာဝတ္ထုမပေါက်ကွဲခင် အချိန်ရှိခဲ့သည့်အတွက် ကံကောင်းခဲ့ကြောင်း ထောက်ပြပြောကြားခဲ့သော်လည်း ဖောက်ခွဲရေးပစ္စည်းသည် ဝန်ကြီးချုပ်နှင့် နီးကပ်မှုရှိသည့်အတွက် အနာဂတ်လုံခြုံရေး စီမံကိန်းနှင့်ပတ်သက်ပြီး စိန်ခေါ်မှုတစ်ခုအဖြစ်ရှိနေကြောင်း ပြောသည်။ အဆိုပါ ဖြစ်ရပ်သည် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး လှုပ်ရှားမှုအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ် ဇူလိုင်လကလည်း ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှု ဖြစ်ပွားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အာကာသအတွင်းသို့ မိုးလေဝသဂြိုဟ်တုသစ်တစ်စင်း တရုတ်လွှတ်တင်

**ကျိုချွမ်း ဧပြီ ၁၆**

အာကာသထဲတွင် ထားရှိရန် လောင်းမာ့ချ် - ၄ ဘီ သယ်ဆောင်ရေးဒုံးပျံဖြင့် မိုးလေဝသဂြိုဟ်တုသစ်တစ်စင်းကို တရုတ်နိုင်ငံက ဧပြီ ၁၆ ရက် နံနက်ပိုင်းတွင် လွှတ်တင်လိုက်ကြောင်း သိရသည်။

အဆိုပါ ဒုံးပျံကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကျိုချွမ်းဂြိုဟ်တုလွှတ်တင်ရေး စင်တာမှ ပေကျင်းစံတော်ချိန် နံနက် ၉ နာရီ ၃၆ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး Fengyun-3 07 ဂြိုဟ်တုကို သတ်မှတ်ထားသော ဂြိုဟ်ပတ်လမ်းအတွင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထိုမိုးလေဝသ ဂြိုဟ်တုသည် မိုးလေဝသ ကြိုတင်ခန့်မှန်းရေး၊ ဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျော့ပါးရေး၊ ရာသီဥတုပြောင်းလဲမှု တုံ့ပြန်ဆောင်ရွက်ရေးနှင့် ဂေဟဗေဒထိန်းသိမ်းရေးစသည့် ကဏ္ဍများတွင် အဓိကထား အသုံးပြုသွားမည်ဖြစ်သည်။ ယခုအကြိမ် ဂြိုဟ်တုလွှတ်တင်မှုသည် လောင်းမာ့ချ်သယ်ဆောင်ရေးဒုံးပျံများ၏ ၄၇၁ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း ဂြိုဟ်တုလွှတ်တင်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**



လောင်းမာ့ချ် - ၄ ဘီ သယ်ဆောင်ရေးဒုံးပျံဖြင့် Fengyun-3 07 ဂြိုဟ်တုကို ကျိုချွမ်းဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ လွှတ်တင်မှုကို ဧပြီ ၁၆ ရက်က တွေ့ရစဉ်။



ဂျာမနီနိုင်ငံတွင် ပိတ်သိမ်းရန် ကျန်ရှိနေသည့် နျူကလီးယား ဓာတ်အားပေးစက်ရုံ သုံးရုံထဲမှ တစ်ရုံကို တွေ့ရစဉ်။

## ဂျာမနီနိုင်ငံရှိ နောက်ဆုံးနျူကလီးယားဓာတ်အားပေးစက်ရုံများ ပိတ်သိမ်း

**ဘာလင် ဧပြီ ၁၆**

ဂျာမနီနိုင်ငံသည် ဧပြီ ၁၅ ရက်က နိုင်ငံအတွင်းရှိ နောက်ဆုံးကျန်ရှိနေသော နျူကလီးယား ဓာတ်အားပေးစက်ရုံ သုံးရုံကို ပိတ်သိမ်းခဲ့ပြီး နျူကလီးယားစွမ်းအင်အသုံးပြုမှုမှ နုတ်ထွက်ရန် အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့သည်။

၂၀၁၁ ခုနှစ် ဂျပန်နိုင်ငံ ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံ မတော်တဆဖြစ်ရပ်အပြီးတွင် ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က နျူကလီးယားစွမ်းအင် အသုံးပြုမှုကို ရပ်တန့်ရန် မူဝါဒချမှတ်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံအတွင်း နျူကလီးယားဓာတ်အားပေးစက်ရုံများ ပိတ်သိမ်းရန် ကနဦး ရည်ရွယ်ခဲ့သည်။

ဧပြီ ၁၅ ရက်က နိုင်ငံအတွင်း နောက်ဆုံး ကျန်ရှိနေသည့် နျူကလီးယား ဓာတ်အားပေးစက်ရုံ သုံးရုံ အနက်တစ်ရုံဖြစ်သည့် နက်ကာဝက်စ်တိုင်း နျူကလီးယားဓာတ်အားပေးစက်ရုံအနီးတွင် ဒေသခံ အဖွဲ့အစည်းများ စုစည်းခဲ့သည်။ ၎င်းတို့သည် နျူကလီးယားစွမ်းအင်အသုံးပြုမှု အဆုံးသတ်သွားပြီဟူသောဆိုင်းဘုတ်များ ကိုင်ဆောင်ခဲ့သည်။ နျူကလီးယားစက်ရုံကြောင့်ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များ အဆုံးသတ်သွားပြီ ဖြစ်သည့်အတွက် ဝမ်းသာကြောင်း တက်ရောက်လာသူများက ပြောသည်။

သို့သော်လည်း မကြာသေးမီက ကောက်ယူခဲ့သည့် စစ်တမ်းအရ ဂျာမနီနိုင်ငံအတွင်းရှိ ၅၉ ရာခိုင်နှုန်းသော ပြည်သူများမှာ နျူကလီးယားဓာတ်အားပေးစက်ရုံများ ပိတ်သိမ်းခြင်းကိုဆန့်ကျင်ကြသည်။ ၃၄ ရာခိုင်နှုန်းကမူ စက်ရုံများပိတ်သိမ်းခြင်းကို ထောက်ခံကြသည်။ အဆိုပါမူဝါဒနှင့်ပတ်သက်၍ စိုးရိမ်မိကြောင်း တိုင်းပြည်အတွင်းရှိ စီးပွားရေးအသိုက်အဝန်းများက ထုတ်ဖော်ပြောကြားကြသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များ တိုးချဲ့နေချိန်တွင် ရေရှည် စိတ်ချရသည့် စွမ်းအင် ထောက်ပံ့မှုများရရှိရန် စိန်ခေါ်မှုများနှင့် ကြုံတွေ့နိုင်သည်ဟု လေ့လာသူများက ပြောသည်။ ရေဒီယိုသတ္တိကြွ နျူကလီးယားအညစ်အကြေးများ စွန့်ပစ်ခြင်းကို ကိုင်တွယ်ဖြေရှင်းရန်လည်း လိုအပ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## ဂရိမြောက်ပိုင်း၌ ယာဉ်တိုက်မှုဖြစ်ပွား ငါးဦးသေဆုံး

**အေသင် ဧပြီ ၁၆**

ဂရိနိုင်ငံမြောက်ပိုင်းတွင် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၁၀ ဦးကို မောင်းနှင်သယ်ဆောင်လာသည့် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ငါးဦး ထက်မနည်း သေဆုံးခဲ့ရသည်ဟု ဒေသတွင်းမီဒီယာများက ဖော်ပြကြသည်။ တူရကီနိုင်ငံနယ်စပ် ခိုမိုတီနီမြို့ အပြင်ဘက်တွင် ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဂရိအမျိုးသား အသံလွှင့်ဌာနက ဖော်ပြခဲ့သည်။ သေဆုံးသူများထဲတွင် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ လေးဦး ပါဝင်ပြီး ၎င်းတို့မှာ မည်သည့် နိုင်ငံသားများဖြစ်သည်ကိုမူ မသိရသေးချေ။ သေဆုံးသူနောက်တစ်ဦးမှာမူ ဒုတိယကားမှ ဒေသခံကားမောင်းသမား ဖြစ်သည်။ နောက်ထပ်တရားမဝင် ခိုးဝင်နေထိုင်သူသုံးဦးမှာဆေးရုံတင်ထားရပြီး စိုးရိမ်ရသည့်အခြေအနေရှိသည်ဟု သိရသည်။ တရားမဝင် ခိုးဝင်မှုများကို တားဆီးရန် ကုန်းမြေနှင့် ရေပြင်တို့တွင် တင်းကျပ်မှုများ ပြုလုပ်ထားသော်လည်း နှစ်စဉ် ဂရိနိုင်ငံသို့ ခိုးဝင်သူ များပြားနေဆဲဖြစ်သည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် အဆိပ်သင့်အရက် သောက်သုံးမှုကြောင့် လူ ၂၀ သေဆုံး

**နယူးဒေလီ ဧပြီ ၁၆** - အိန္ဒိယနိုင်ငံ အရှေ့ပိုင်းဘီဟာပြည်နယ်တွင် အဆိပ်သင့်အရက်သောက်သုံးမှုကြောင့် လူ ၂၀ ထက်မနည်းသေဆုံးပြီး အချို့နေထိုင်မကောင်းဖြစ်ခဲ့ရသည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။ အရှေ့ချန်ပါရန် ခရိုင်တွင်လည်း အဆိပ်သင့်အရက်သောက်သုံးမှုကြောင့် သေဆုံးသူများရှိကြောင်း သိရသည်။ အရက်ပြင်းများ ထည့်ထားသည့် အရက်စည်ကို မိုတီဟာရီသို့ ဒေသခံကုန်သည်များက ဖြန့်ဖြူးခဲ့ပြီးနောက် ယခုလို ကြေကွဲဖွယ်ရာ ဖြစ်ရပ်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

## ငတ်မွတ်ခေါင်းပါးမှုဘေးကျရောက်လုနီး ပြည်သူ ၂၃၀၀၀၀ အတွက် စားရေရိက္ခာအကူအညီများ ယူဂန္ဒာ ထောက်ပံ့

**ကမ်ပါလာ ဧပြီ ၁၆**

ကာရာမိုဂျာဟု လူသိများသော နိုင်ငံအရှေ့မြောက်ပိုင်းဒေသတွင် စားရေရိက္ခာမဖူလုံမှုနှင့် ရင်ဆိုင်နေရသောသူများထံသို့ စားရေရိက္ခာ ကီလိုဂရမ် သုံးသန်းကျော်ကို ပေးပို့ခဲ့ကြောင်း ယူဂန္ဒာအစိုးရက ဧပြီ ၁၄ ရက် နှောင်းပိုင်းတွင် ပြောသည်။

ပြောင်းဖူးမှုန့် ကီလိုဂရမ် ၂ ဒသမ ၂ သန်းနှင့် ပဲ ကီလိုဂရမ် ၁ ဒသမ ၁ သန်းကို ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်ရလုနီး ပြည်သူ ၂၃၀၀၀၀ ထက်မနည်းအား ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် ဒုက္ခသည်များဆိုင်ရာ ပြည်နယ်ဝန်ကြီး အက်စ်တာ အန်ယာကွန်းက ပြောသည်။ အဆိုပါ ဒေသသည် ပူပြင်းခြောက်သွေ့မှုဒဏ်ကို ကာလရှည်ခံစားခဲ့ရသောကြောင့် စားရေရိက္ခာမလုံလောက်မှုကို ဖြစ်ပေါ်စေခဲ့ပြီး ၂၀၂၂ ခုနှစ် ဇွန်လနှင့် ဩဂုတ်လကြားတွင် လူဦးရေ၏ ၂၅ ရာခိုင်နှုန်းခန့်မှာ စားရေရိက္ခာမလုံလောက်မှု အဆိုးရွားဆုံးအခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း အက်စ်တာအန်ယာကွန်းက ပြောသည်။

ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်ရလုနီး တစ်ဦးချင်းစီသည် ရက် ၂၀ အတွင်း ပြောင်းဖူးမှုန့် ၁၀ ကီလိုဂရမ်စီနှင့် ပဲ ၅ ကီလိုဂရမ်စီ လက်ခံရရှိမည်ဖြစ်ကြောင်းနှင့် နောက်ထပ်လည်း စားရေရိက္ခာများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မတ်လနှင့် မေလ မိုးရာသီအတွင်း ပုံမှန်စိုက်ပျိုးထုတ်လုပ်မှုအတွက် အထောက်အကူပြုရန် မိုးရွာသွန်းဖွယ်ရှိကြောင်း မိုးလေဝသကျွမ်းကျင်သူများက ခန့်မှန်းထားကြောင်းနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် လယ်ယာလုပ်ငန်းများကို ပံ့ပိုးကူညီရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်ထားပြီး ဖြစ်သည်ဟုဆိုသည်။

**ဆင်ဟွာ**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် ပြည်သူ့ရင်ပြင်လမ်းလျှောက်သင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားတက်ရောက်

**ရန်ကုန် ဧပြီ ၁၆**

၁၃၈၄ ခုနှစ် မြန်မာ့နှစ်ကူး အတာရေသဘင်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာဆင်နွှဲခဲ့ရာ ယနေ့ သင်္ကြန်အတက်နေ့၌ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် ပြည်သူ့ရင်ပြင်လမ်းလျှောက် သင်္ကြန်ပွဲတော်ပိတ်ပွဲအခမ်းအနားတို့ကို အောင်မြင်စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်အတက်နေ့တွင် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ နံနက်ပိုင်းမှ ညနေပိုင်းအထိ ယိမ်းအကအလှများနှင့် မြူးကြွသော တေးသီချင်းတို့ဖြင့် ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်ခဲ့ရာ သင်္ကြန်နောက်ဆုံးရက် အတာရေသဘင်ပွဲတော် ဆင်နွှဲသူတို့ဖြင့် အထူးစည်ကားခဲ့သည်။

ဦးစွာ ညနေပိုင်းတွင် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ၁၃၈၄ ခုနှစ် ကုန်ဆုံး၍ ၁၃၈၅ ခုနှစ်၏ မင်္ဂလာနှစ်သစ်သို့ ဝင်ရောက်မည့် နောက်ဆုံးရက်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့တော်သူ၊ မြို့တော်သားအပေါင်း နှလုံးစိတ်ဝမ်းအေးချမ်းလျက် ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ရေသဘင်ပွဲတော်ကြီးကို မြန်မာ့ယဉ်ကျေးမှုဓလေ့ဖြစ်သည့် ညှို့ဝတ်ကျေပွန်မှု၊ သည်းခံခွင့်လွှတ်မှု၊ ပျော်ရွှင်မှု၊ ကျေးဇူးသိတတ်မှုတို့နှင့်အတူ ဘာသာတရားအဆုံးအမနှင့်အညီ ကုသိုလ်၊ ဒါန၊ သီလ စောင့်ထိန်းခြင်း စသည့်ယဉ်ကျေးမှုလက္ခဏာများ အေးချမ်းသော နိမိတ်ဆောင်မှုကို ပြသနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ပြောကြား၍ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်အား ပိတ်သိမ်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး ဒေါ်မော်မော်သန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဇနီး ဒေါ်ယမင်းအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးညီညီမင်းတို့က ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသည့် အသင်းအဖွဲ့တို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ ပြည်သူ့ရင်ပြင်လမ်းလျှောက်သင်္ကြန်ပွဲတော်ပိတ်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့၌ ကျင်းပသည့် မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲအခမ်းအနား တက်ရောက်

**မုံရွာ ဧပြီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်အတူ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ နံနက်ပိုင်းတွင် ဗဟိုမဏ္ဍပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးဌာနမဏ္ဍပ်များ၌ ပျော်ရွှင်စွာ ရေကစားနေမှုများကို ကြည့်ရှုအားပေးကာ စတုဒိသာကျွေးမွေးနေမှု မဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေးကြပြီး ညနေပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အကအဖွဲ့ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အဆိုအကပြိုင်ပွဲများတွင် ဆုရရှိသူများအား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်လှလှဝင်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ဉာဏ်မြင့်ကျော်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစောနိုင်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းနှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးတို့က ဆုများအသီးသီး ချီးမြှင့်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဗဟိုမဏ္ဍပ်ပိတ်ပွဲ တက်ရောက်

**စစ်တွေ ဧပြီ ၁၆**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး ဒေါ်ဆွေဆွေမြတ်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နေ့လယ်ပိုင်းက စစ်တွေမြို့ ရပ်ကွက်များတွင် အတာရေသဘင် ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေကြသည့် ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲပြီး ဗဟိုမဏ္ဍပ်ပိတ်ပွဲသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ရှိ ရေကစားနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လမ်းမကြီးတစ်လျှောက် လမ်းလျှောက်ကာ ရခိုင်ရိုးရာ အစဉ်အလာအတိုင်း မဏ္ဍပ်ကြီး၊ မဏ္ဍပ်ငယ်များဖြင့် ပျော်ရွှင်စွာ ရေကစားနေကြသည့် ပြည်သူများ၊ လူငယ်များနှင့်အတူ ပါဝင်ရေကစားကြသည်။ ကျန်းမာရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်များသို့ သွားရောက်ကာ ပြည်သူများနှင့်အတူ ပျော်ရွှင်စွာရေကစားခဲ့သည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် တာဝန်ရှိသူများသည် ဗဟိုမဏ္ဍပ်ပိတ်ပွဲသို့ တက်ရောက်ကြပြီး နိုင်ငံကျော် အဆိုတော်များနှင့် ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကာ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်အား အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**တင်ထွန်း(ပြန်/ဆက်)**

နေပြည်တော် ဇေယျာသီရိမြို့နယ် နေပြည်တော်သတင်းစာတိုက် မိသားစုရေကစားမဏ္ဍပ်၌ သင်္ကြန်အတက်နေ့တွင် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ရေကစားလာသူများကို စတုဒိသာ ထမင်းနှင့်ဟင်းများ၊ ကြာဆံချက်များ အလှူပြုကျွေးမွေးပြီး ရေကစားလာသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဇော်ဘီ





ညောင်လေးပင်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာအတာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကျင်းပရာ ဌာနဆိုင်ရာ အကြီးအကဲများက ဂုဏ်ပြုဆုများ ချီးမြှင့်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၃၅ | ၂၂၈၅ | ၂၂၇၅ | ၂၂၄၅ | ၂၂၈၀ | ၂၃၀၅ | ၂၂၉၀ | ၂၂၇၀ | ၂၃၆၅ | ၂၃၈၀ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၅၀ | ၂၈၁၀ |
| 95 Ron | ၂၃၀၀ | ၂၃၅၀ | ၂၃၅၀ | ၂၃၁၀ | ၂၃၅၀ | ၂၃၇၀ | ၂၃၅၅ | ၂၃၃၅ | ၂၄၃၅ | ၂၄၅၀ | ၂၃၄၀ | ၂၃၆၀ | ၂၃၈၅ | ၂၃၉၀ | ၂၃၉၀ | ၂၆၂၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၉၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၁၃၅ | ၂၁၄၅ | ၂၁၈၀ | ၂၁၈၀ | ၂၁၈၀ | ၂၄၁၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၇၅ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၇၅ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၂၃ | ၂၁၉၉ |
| 95 Ron | ၂၁၈၇ | ၂၂၆၅ |
| HSD (500 ppm) | ၁၉၈၉ | ၂၀၅၉ |
| HSD (50 ppm) | ၂၀၆၃ | ၂၁၃၄ |
| HSD (10 ppm) | ၂၀၆၃ | ၂၁၃၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိ

### ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃) ရာခိုင်နှုန်းရှိ

(၁၆-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၉၉၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၂၉,၅၈၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၁၆၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၆၂၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၅-၄-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၉၁,၀၂၉) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေ စုစုပေါင်း (၆,၈၃၈,၇၆၈) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၅-၄-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၉၁,၀၂၉ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၃၈,၇၆၈ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင် ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုပ်ပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## မြင်းခြံမြို့ ရွှေဘုံသာပရိယတ္တိစာသင်တိုက်အတွင်းရှိ စေတီ ခုနစ်ဆူအား ရေသပ္ပာယ်ပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြင်းခြံ ဧပြီ ၁၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၂)ရပ်ကွက်အတွင်းရှိ ရွှေဘုံသာပရိယတ္တိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော စေတီခုနစ်ဆူအား ရေသပ္ပာယ်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းများကို သင်္ကြန်အတက်နေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

ရွှေဘုံသာ ပရိယတ္တိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော မဟာရတနာဘုံသာစေတီ၊ ကိုးတောင်ပြည့်စေတီ၊ ရွှေဘုန်းကွန့်စေတီ၊ အောင်သိဒ္ဓိစေတီ၊ ရွှေဘုံသာစေတီ၊ အလိုတော်ပြည့် ဆုတောင်းရစေတီ၊ လောကမုန်ကူစေတီတော်မြတ်များအား ခရိုင်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ရေသပ္ပာယ်ခြင်း၊ ရင်ပြင်ပေါ်သန့်ရှင်းရေးများ ပြုလုပ်ခြင်းနှင့် စေတီတော်ပေါ်၌ ပေါက်ရောက်နေသော သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကျော်စွာ(မြင်းခြံ)



## နတ်မောက်မြို့၌ ဆုတောင်းပြည့်ဘုရားကြီးအား သင်္ကြန်အတက်နေ့တွင် ဌာနဆိုင်ရာများစုပေါင်း၍ ရေသပ္ပာယ်ခြင်းနှင့် သန့်ရှင်းရေးများဆောင်ရွက်

**နတ်မောက် ဧပြီ ၁၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ဌာနဆိုင်ရာများ စုပေါင်း၍ ဆုတောင်းပြည့်ဘုရားကြီးတွင် ရေသပ္ပာယ်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)က ဆောင်ရွက်ကြသည်။



နတ်မောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်မိသားစုများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ဌာနဆိုင်ရာများက စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ကြပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေယာဉ်ဖြင့် ဘုရားကြီးအား ရေသပ္ပာယ်ခြင်း၊ ဘုရားရင်ပြင်တွင် ရေများ ဆေးကြော၍ ကုသိုလ်ယူခြင်းများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

လှဝင်း

## မောက်မယ်မြို့နယ်၌ သင်္ကြန်အတက်နေ့တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားပြီး ကုသိုလ်ပြုခြင်းများဆောင်ရွက်

**မောက်မယ် ဧပြီ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးအတာသင်္ကြန်အတက်နေ့တွင် လူကြီးများက ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် အချို့လူငယ်များက ရှမ်းဓလေ့ထုံးတမ်းစဉ်လာအရ ဘုန်းကြီးကျောင်းများသို့ လိုက်လံကန်တော့ခြင်းများ ဆောင်ရွက်ကြပြီး ဒေသခံလူငယ်လူရွယ်များနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသည့် လူငယ်လူရွယ်များက အေးချမ်းပျော်ရွှင်စွာ ရေကစား၍ သင်္ကြန်ပွဲတော်ကို ဆက်လက်ဆင်နွှဲလျက်ရှိကြောင်း တွေ့ရသည်။

ယခုနှစ် အတာသင်္ကြန်ပွဲတော်ကို မောက်မယ်မြို့၌ ယခင်နှစ်များထက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့သည်။ စိမ့်စမ်းရေထွက်များနှင့် ရေချောင်းများပေါများသည့် မောက်မယ်မြို့နယ်၌ လည်ပတ်စရာနေရာများပေါများသဖြင့် လူငယ်လူရွယ်များက စိမ့်စမ်းရေထွက်နေရာများ၊ ရေတံခွန်များ၊ ဆည်များနှင့် နမ့်ယွမ်းချောင်းဘေးစသည့် အရိပ်ကောင်းသောနေရာများတွင် လာရောက် ရေကစားပြီး အပန်းဖြေကြသည်။ ဌာနဆိုင်ရာများက နေ့အလိုက်စုပေါင်း၍ သင်္ကြန်အကြိုနေ့မှ နှစ်ဆန်း ၁ ရက်နေ့အထိ မြို့နယ်နမ့်ယွမ်းခန်းမရှေ့ ရေကစားမဏ္ဍပ်၌ နေ့စဉ်ဒေသခံပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ လာရောက် ရေကစားသူများအား စတုဒိသာ အကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**



## နှစ်ကူးသဘင်သွန်းရေစင်

❖ တောင်ညိုခြင်တန်း တောစပ်မှာ
ဥဩတွန်သံသာ၊
ရော်ရွက်ဝါတွေ ကြွေကာဝဲ
နွေလှလေပြည်ထဲ။

❖ နေပူကျဲကျဲ ကွင်းပြင်ကျယ်
တံလျှပ်ရေပြင်နှယ်။
ရှစ်ခွင်နယ် မျှော်မဆုံး
ယာနဲ့လယ်ကတုံး။

❖ မျှော်လင့်နေတုန်း ရောက်လို့လာ
သင်္ကြန်မိုးဖွဲရွာ၊
ပိတောက်ဝါတွေ ရွှေရည်လူး
လူတိုင်းအပျော်ကူး။

❖ နှစ်သစ်ကူးတဲ့ သည်ချိန်ခါ
မြန်ပြည်တစ်ဝန်း ငြိမ်းချမ်းသာ
သည်မြို့သည်ရွာ ဆင်ယင်နွှဲ
နှစ်ဦးသင်္ကြန်ပွဲ။

❖ တူယှဉ်တွဲလို့ ပျော်ပွဲဆင်
မြန်မာ့ရေသဘင်၊
ထာဝစဉ် တို့မမေ့
ရိုးရာမြန်ဓလေ့။

❖ သိမ်မွေ့လှတဲ့ မြန်မာ့ဟန်
တူးပို့တူးပို့သံ၊
နှစ်စဉ်မှန်မှန်ဖျော်ဖြေကြ
သင်္ကြန်ယိမ်းအက။

❖ မြန်မာ့အလှ မြန်မာ့ဂုဏ်
ဖော်ကျူးအဖုံဖုံ၊
မြန်မာ့လုံမေလှယဉ်ကျေး
ဆိုကသင်္ကြန်တေး။

❖ ဘယာဝေးလို့ အေးချမ်းစေ
လူတိုင်းဆုမွန်ခြွေ၊
အတာရေစင် ကြည်လင်အေး
ရောဂါကင်းစင်ဝေး။ ။

မောင်လေပြေ-(တောင်တွင်း)

## သင်္ကြန်အတက်နေ့တွင် မုဒုံမြို့နယ်မှ ဘုရားများ၌ ကောင်းမှုပြုသူများ စည်ကား

**မုဒုံ ဧပြီ ၁၆**

မဟာသင်္ကြန်အတက်နေ့တွင် မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ ဘုရားစေတီများ၌ ဘုရားဖူးပြည်သူများ၊ တရားဘာဝနာပွားများသူများဖြင့် စည်ကားလျက်ရှိသည်။

မဟာသင်္ကြန်(အတက်နေ့) နံနက်ပိုင်းမှစတင်၍ မုဒုံမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားဖြစ်သည့် အတောင် ၄၀၀ ပြည့် လျောင်းတော်မူဘုရားကြီးနှင့် ကန်ကြီးစေတီတော် စသည့် စေတီပုထိုးများ၌ ဒေသခံပြည်သူများက ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ရွှေကြာသက်န်းတို့ကို ကပ်လှူပူဇော်ကြပြီး ဥပုသ်သီလဆောက်တည်ကြသည့်အပြင် တရားစခန်းများတွင်လည်း တရားဘာဝနာပွားများကြသည်။

ထို့ပြင် မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများတွင် စတုဒိသာများ ကျွေးမွေးဧည့်ခံလျက်ရှိသလို ရေကစားမဏ္ဍပ်များတွင်လည်း ပြည်သူများက ရေကစား၍ အတာသင်္ကြန်ရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

သားငယ်
(ပြန်/ဆက်)



# တိုင်းဒေသကြီး/ ပြည်နယ်များ၌ မဟာသင်္ကြန်အတက်နေ့ စတုဒိသာ ကျွေးမွေးသူများဖြင့် အထူးစည်ကား

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၌ ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် (အတက်နေ့)တွင် ရေကစားကြသူများ၊ ရေပက်ခံထွက်ကြသူများဖြင့် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိရာ ယိမ်းအကအလှများဖြင့် ကပြဖျော်ဖြေခြင်း၊ တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ ရေကစားခြင်း၊ ရေပက်၊ ရေကစားသူ ပြည်သူများအား စတုဒိသာကျွေးမွေးဧည့်ခံခြင်းများဖြင့် မဟာသင်္ကြန်ပွဲတော် အတက်နေ့ကို အမှတ်(၁၂) ရပ်ကွက် မင်းရဲကျော်စွာလမ်းနှင့် ပင်းယလမ်း တစ်လျှောက် မြို့နယ်ဗဟိုမဏ္ဍပ်၌ မေ ၁၆ ရက်မှစတင်၍ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မေ ၁၃ ရက်မှ ၁၆ ရက်အထိ



မြို့နယ်ရေကစားမဏ္ဍပ်၌ ယိမ်းအကအလှများ၊ ခေတ်ပေါ်တေးဂီတ သီဆိုဖျော်ဖြေမှုများဖြင့် ဧည့်ခံဖျော်ဖြေပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသူနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက ကြည့်ရှုအားပေးခဲ့ကြပြီး ကပြဖျော်ဖြေသည့် ယိမ်းအဖွဲ့များ၊ သီဆိုဖျော်ဖြေကြသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ မဏ္ဍပ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖျော်ဖြေရေး၊ ယိမ်းအကအလှများဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင်လည်း အဆိုတော်၊ ဝါသနာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ မြန်မာ့ရိုးရာသင်္ကြန်ယိမ်းအက အလှများဖြင့် ကပြခြင်း၊ ရေကစားခြင်းများကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြပြီး ပြည်သူများအား စတုဒိသာအဖြစ် ကြက်ဆီထမင်းဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိသည့်အပြင် ရပ်ကွက်နှင့် ကျေးရွာများတွင်လည်း ပြည်သူများ ပျော်ရွှင်စွာ ရေပက်ခံ ရေကစားလျက်ရှိကြောင်း သိရသည်။ **ဝင်းအိမွန်(ပြန်/ဆက်)**

**သံဖြူဇရပ်**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ၁၃၈၄ ခုနှစ် မဟာသင်္ကြန်အတက်နေ့တွင် ဘုရားကျောင်းကန်စေတီပုထိုးများ၌ ကောင်းမှုကုသိုလ်ပြုသူများ၊ ဥပုသ်သီလစောင့်သူများက တရားဘာဝနာများပွားများလျက်ရှိရာ မွန်လူမျိုးတို့၏ ရိုးရာဓလေ့အရ မြို့နယ်အတွင်းရှိ အချို့သောကျေးရွာများတွင် နံနက်စောစော ဘုန်းကြီးကျောင်းသွား ဥပုသ်သီလစောင့်သူများအား ရိုးရာဓလေ့ကုသိုလ်ယူကာ စတုဒိသာကျွေးမွေးလှူဒါန်းသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ကာလအတွင်း အကြိုနေ့မှ နှစ်သစ်သို့ ကူးပြောင်းသည့် မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ နေ့စဉ်နံနက်တိုင်းတွင် မြန်မာ့ရိုးရာအစားအစာဖြစ်သည့် သင်္ကြန်ထမင်း၊ မုန့်လက်ဆောင်းများကို စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းလျက်ရှိကြောင်း ကျေးရွာလူငယ် တစ်ဦးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ကျောက်ဆည်**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ နှစ်သစ်ကူးသင်္ကြန်ကာလ ရပ်ကွက်၊ကျေးရွာများတွင် စတုဒိသာကျွေးမွေးကုသိုလ်ယူသူများနှင့် အေးချမ်းပျော်ရွှင် စည်ကားလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပတ္တာကျေးရွာအုပ်စု ထနောင်းပင်လှကျေးရွာ၌ မဟာသင်္ကြန်အတက်နေ့တွင် စတုဒိသာကျွေးသူများဖြင့် ပျော်ရွှင်စည်ကားလျက်ရှိသည်။

ထနောင်းပင်လှကျေးရွာ၌ အိမ်ခြေ ၃၅၀ ခန့်ရှိပြီး သင်္ကြန်ကာလရောက်တိုင်း ကျေးရွာအတွင်းရှိ စေတနာသဒ္ဓါတရား ထက်သန်သူမိသားစုများ၏ အလှည့်ကျကျွေးမွေးမှုများဖြင့် နေ့စဉ်ပျော်ရွှင် စည်ကားလျက်ရှိကြောင်း၊ စတုဒိသာကျွေးရာ၌ ပဲဟင်းချို၊ အချဉ်သုပ်၊ ငရုတ်သီးကြော်များဖြင့် ကျွေးပါက ငွေကျပ်သုံးသိန်းနှစ်သောင်းခန့် ကုန်ကြောင်း၊ အသားဟင်းဖြင့်ကျွေးပါက ငွေကျပ်ခြောက်သိန်းခွဲ၊ ခုနစ်သိန်းခန့် ကုန်ကျမှုရှိကြောင်း၊ ပစ္စည်းများဝယ်ယူခြင်း၊ ချက်ပြုတ်ခြင်းများကို ကျေးရွာလူမှုရေးအဖွဲ့ဝင်များက တာဝန်ယူဆောင်ရွက်ပေးကြောင်း၊ မြို့နယ်တွင် သင်္ကြန်ကာလ စတုဒိသာ ကျွေးမွေးကုသိုလ်ပြုလုပ်ခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**





# မိုင်းယောင်းမြို့နယ် ဘုန်းကြီးကျောင်းများ၌ ကုသိုလ်ပြုသူများဖြင့် စည်ကား

**မိုင်းယောင်း မေ ၁၆**

သင်္ကြန်အတက်နေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးရွာဘုန်းကြီးကျောင်းများ၌ ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

သင်္ကြန်အတက်နေ့တွင် ဒေသခံပြည်သူများသည် မိမိတို့၏ ကျေးရွာဘုန်းကြီးကျောင်းများ၌ သဲပုံစေတီပူဇော်လှူဒါန်းခြင်း၊ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုခြင်း၊ နှစ်သစ်အနုမောဒနာတရား နာကြားခြင်း၊ ပရိတ်ရေ ဖျန်းပက်မှုခံယူခြင်း၊ ညောင်ကိုင်းထောက်လှူဒါန်းခြင်း၊ ဇီဝိတဒါန ငှက်လွှတ်ခြင်း စသည့် ကောင်းမှုကုသိုလ်များကို ပြုလုပ်ကြသည်။

ထို့နောက် ရှမ်းအိုးစည်ဗုံမောင်းများနှင့်အတူ ရိုးရာ မီးရှူး၊ မီးပန်းများကို ပစ်လွှတ်ပြီး နှစ်သစ်ကို ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# ချောက်မြို့နယ်၌ မဟာသင်္ကြန်ပွဲတော် (အတက်နေ့) စတုဒိသာလှူဒါန်း

**ချောက် မေ ၁၆**

၁၃၈၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်အတက်နေ့တွင် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် သင်္ကြန်မဏ္ဍပ်၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ရေပက်ကစားလျက်ရှိပြီး မြို့နယ်ရဲတပ်ဖွဲ့မိသားစုများက သင်္ကြန်မဏ္ဍပ်တည်ရှိရာ လမ်းမတော်လမ်းတစ်လျှောက် သွားလာသည့် ပြည်သူများ၊ သင်္ကြန်မဏ္ဍပ်သို့ လာရောက်ကြည့်ရှုအားပေးသည့် ပရိသတ်များ၊ ရေကစားလာပြည်သူများ၊ ဖျော်ဖြေရေးယိမ်းအဖွဲ့များအား စတုဒိသာအဖြစ် မုန့်လုံးရေပေါ်များ ပြုလုပ်ကျွေးမွေးခဲ့ကြောင်း သိရသည်။



မြန်မာတို့၏ အတာသင်္ကြန်သည် နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်း သောကာလဖြစ်သည်နှင့်အညီ မဟာသင်္ကြန်အတက်နေ့တွင် အလှူဒါနကောင်းမှုကုသိုလ်များ ပြုလုပ်လျက်ရှိရာ ချောက်မြို့အမှတ်(၁၄)ရပ်ကွက် ရေကစားမဏ္ဍပ်၌လည်း ရေကစားလာသူများ၊ လမ်းသွားလမ်းလာပြည်သူများ၊ မုန့်လုံးရေပေါ်များဖြင့် ဧည့်ခံကျွေးမွေး ကုသိုလ်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## တပ်ကုန်းမြို့ ချမ်းမြေ့မြိုင်ရိပ်သာ ကျောင်းတိုက်၌ သင်္ကြန်ကာလ ဒုလ္လဘရဟန်း၊ သီလရှင် ဝတ်သူများအား ဆွမ်းနှင့် ဆွမ်းဆန်တော် လောင်းလှူ

**တပ်ကုန်း မေ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက် ချမ်းမြေ့မြိုင်ရိပ်သာကျောင်းတိုက်၌ ချမ်းမြေ့မြိုင် ဆရာတော်ဘဒ္ဒန္တကုလန္ဒက အမှူးပြု၍ သင်္ကြန်ကာလအတွင်း ဒုလ္လဘရဟန်း၊ သီလရှင် ၈၈ ပါးနှင့် ယောဂီ ၉၂ ဦး၊ တရားစခန်းဝင်ရောက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ဒုလ္လဘရဟန်း၊ သီလရှင်များ ဗိုလ်မင်းရောင်ရပ်ကွက်အတွင်း ဆွမ်းနှင့် ဆွမ်းဆန်များ အလှူခံကြွချီတော်မူသည်။

အဆိုပါ ဆွမ်းနှင့် ဆွမ်းဆန်တော် အလှူခံကြွချီတော်မူရာတွင် ချမ်းမြေ့မြိုင်ရိပ်သာကျောင်းတိုက်မှ ဝိပဿနာတရားပြ ဆရာတော်က ဦးဆောင်၍ ဗိုလ်မင်းရောင်ရပ်ကွက်အတွင်းသို့ ဒုလ္လဘ ရဟန်း၊ သီလရှင်များ စုစုပေါင်း ၈၈ ပါးတို့ ဝရဇိန်လမ်း၊ သံလမ်းလမ်း၊ အောင်သီဟလမ်း၊ သီရိလမ်းနှင့်ပိတောက်လမ်းများတွင် ဆွမ်းနှင့် ဆွမ်းဆန်တော်များ အလှူခံတော်မူခဲ့ရာ ရပ်ကွက်ပြည်သူများက လောင်းလှူကြသည်။

တပ်ကုန်းမြို့ ချမ်းမြေ့မြိုင်ရိပ်သာကျောင်းတိုက်အတွင်း သင်္ကြန်ကာလ ၁၀ ရက် တရားစခန်းကို မေ ၈ ရက် မှ ၁၇ ရက် အထိဖြစ်ပြီး တရားစခန်း ဝင်ရောက်ကြသည့် ဒုလ္လဘရဟန်း၊ သီလရှင် ၈၈ ပါးနှင့် ယောဂီ ၉၂ ဦးတို့ ချမ်းမြေ့မြိုင်ရိပ်သာတရားစခန်း အချိန်ဇယားအတိုင်း လိုက်နာတရားအားထုတ်လျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်အတက်နေ့ ပျော်ရွှင်စည်ကား မြင်ကွင်းပုံရိပ်များ

မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်အတက်နေ့(ဧပြီ ၁၆ ရက်)တွင် မြို့နယ်အသီးသီးရှိ ပြည်သူများက ရေကစားမဏ္ဍပ်များတွင် ပျော်ရွှင်စွာ ရေကစားနေကြပုံများနှင့် စတုဒိသာမဏ္ဍပ်များဖွင့်၍ စတုဒိသာ ကျွေးမွေးလှူဒါန်းနေကြပုံများကို စုစည်းဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့



မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ဗဟိုမဏ္ဍပ်ရှေ့၌ ရေကစားနေသော ပြည်သူများ။ ခရိုင် (ပြန်/ဆက်)



ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ ပြည်သူများ အေးချမ်း ပျော်ရွှင်စွာ ရေကစားစဉ်။ အေးအေးလတ်(ပြန်/ဆက်)



ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ မဏ္ဍပ်တစ်ခု၌ ရေကစားနေကြသူများ။ လှကျော်( ပြန်/ဆက်)




ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဗဟိုမဏ္ဍပ်၌ ယိမ်းအဖွဲ့ဖျော်ဖြေမှုနှင့် ရေကစားနေသော ပြည်သူများ။ ခရိုင်(ပြန်/ဆက်)




မကွေးတိုင်းဒေသကြီး မင်းလှမြို့ ဗဟိုမဏ္ဍပ်ရှေ့၌ အတာရေသဘင်ပွဲ ပျော်ရွှင်စွာ ဆင်နွှဲသူများ။ ဇာဇာ(အထက်မင်းလှ)



ပဲခူးမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှေ့ရှိ ဗဟိုရေကစားမဏ္ဍပ်၌ တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုနှင့်အတူ ရေကစားနေကြသည့် ပြည်သူများ။ တင်စိုး(ပဲခူး)



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဗဟိုမဏ္ဍပ်အနီး၌ မြိတ်ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်၍ စတုဒိသာထမင်းဘူးများ ပေးဝေစဉ်။ ခိုင်ထူး(ပြန်/ဆက်)



ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံး မြို့နယ် နောင်လတ်ကားကျေးရွာ၌ ခရီးသွားမော်တော်ယာဉ်များကို ဒေသခံများ ရေပက်ဖျန်းကစားစဉ်။ ဇော်ဘီ



ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ အတာကူးရေတန်ခူးလေမဏ္ဍပ်၌ စတုဒိသာ ကျွေးမွေးလှူဒါန်းစဉ်။ နိုင်လင်းအောင်(တာမွေ)

# သုတေသနအခြေပြု စဉ်းစားမှု

*သိုက်စိုးထွန်း (နတ်ရွာ)*

ဘဝခရီးကိုလျှောက်လှမ်းရာမှာ နေ့စဉ်နဲ့အမျှ ဆုံးဖြတ်ချက်တွေချနေရတယ်။ အလေးအပေါ့ အတိမ်အနက်ကွာပေမယ့် ဆုံးဖြတ်ချက်တွေကတော့ ချနေရတယ်။ မုန့်ဟင်းခါးဆိုင်မှာ ထိုင်နေရင်း မှာလုဆဲဆဲ မုန့်ဟင်းခါးပွဲကို ဘဲဥနဲ့ကောင်းမလား၊ အကြော်နဲ့အဆင်ပြေမလား စဉ်းစားရတာမျိုးကနေ ဘဝတစ်ခုလုံးနဲ့ ဆိုင်တဲ့ဆုံးဖြတ်ချက်တွေ၊ လူ့အဖွဲ့အစည်းတစ်ခုလုံးနဲ့ဆိုင်တဲ့ ဆုံးဖြတ်ချက်တွေအထိပေါ့။ ကိစ္စရပ်တစ်ခုချင်းအပေါ်မူတည်ပြီး အချိန်ဘယ်လောက်ယူရမယ်၊ ဘယ်အတိုင်းအတာအထိ အလေးအနက်ထားသင့်တယ် ဆိုတာမျိုးတွေ ခြားနားသွားမှာပေါ့။

## ဆုံးဖြတ်ချက်တွေမချခင်မှာ

ဆုံးဖြတ်ချက်ဆိုတာတွေ မချခင်မှာ ရွေးချယ်စရာတွေရှိနေတတ်တယ်။ ဘယ်လိုနည်းလမ်းမျိုးမှ ရွေးချယ်စရာမရှိတော့တဲ့ အနေအထားမို့လို့ ရှိနေတဲ့ တစ်ခုတည်းသောလမ်းကို လျှောက်လိုက်ရတာမျိုး ကတော့ ဖြစ်တောင့်ဖြစ်ခဲ ခြွင်းချက်ဆိုပါတော့။ ဒါတောင်မှပဲ ရွေးချယ်စရာတွေရှိနေပါလျက်နဲ့ ဒါတွေကို မသိ၊ မမြင်မိ၊ သတိမထားမိခဲ့တာမျိုးလည်း ဖြစ်နိုင်ပါသေးတယ်။ ဒီနေရာမှာ ပြောချင်တဲ့ကိစ္စကတော့ ဆုံးဖြတ်ချက်တွေမချခင်မှာ ထည့်သွင်းစဉ်းစားသင့်တာလေးတွေပါ။

ဒီနေ့မနက် ဘာဟင်းနဲ့စားပြီး နေ့လယ်ခင်းမှာ ဘယ်ကိုသွားလိုက်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်မျိုး အတွက် သိပ်ခက်ခက်ခဲခဲစဉ်းစားနေဖို့ မလိုပေမယ့် ကိုယ်ချမှတ်ဆုံးဖြတ်ချက်က ကိုယ့်ရဲ့တစ်ကိုယ်ရေ တစ်ကာယအရေးကို ကျော်လွန်ပြီး မိသားစု၊ ပတ်ဝန်းကျင်၊ အဖွဲ့အစည်းဆိုတာမျိုးတွေအထိ အကျိုးအပြစ် သက်ရောက်မှုတွေရှိလာနိုင်တာမျိုး ဆိုရင်တော့ အသေအချာစဉ်းစားဖို့ လိုလာပါပြီ။

## ပြဿနာက ဘာလဲဆိုတာ

ဆုံးဖြတ်ချက်ချဖို့လိုပြီဆိုမှတော့ ဒါက အခက်အခဲပြဿနာတစ်စုံတစ်ရာရှိနေပြီ၊ ဒါမှမဟုတ် အလေးအနက်စဉ်းစားရမယ့် အကြောင်းအရာ တစ်ခုရှိနေပြီဆိုတဲ့သဘောပါ။ ဒီလိုဆိုရင် ပြဿနာက ဘာလဲဆိုတာကို သေချာသဘောပေါက်အောင် ကြည့်ဖို့ အရေးကြီးတယ်။ ပြဿနာကို အဓိပ္ပာယ်ဖွင့်ဆိုပုံလွဲသွားရင် ဖြေရှင်းနည်းလည်းမှားသွားတတ်တယ်။ ဖြေရှင်းနည်းမှားသွားရင် ဆေးမှားသောက်မိသလိုမျိုး မူလရောဂါ မပျောက်တဲ့အပြင် ဘေးထွက်ဆိုးကျိုးတွေရဲ့ နောက်ဆက်တွဲဝေဒနာတွေပါရလာနိုင်တာမျိုး။ တကယ်ကို သတိထားမှ တန်ကာကျမှာပါ။ ပြဿနာကဘာလဲ၊ ကိုယ်က ဘယ်နေရာမှာလဲ၊ ဒီအခက်အခဲပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့ ကိုယ့်မှာ ဘယ်အတိုင်းအတာ အထိ တာဝန်ရှိသလဲ၊ ဖြေရှင်းနိုင်စွမ်းကရော ဘယ်လောက်ရှိသလဲ၊ ဒီအခြေအနေတွေအပေါ် ကိုယ့်အမြင်က ဘယ်လိုရှိသလဲ၊ တခြားသူတွေရဲ့ အမြင်ကရော ဘယ်လိုရှိနိုင်မလဲ၊ ကိုယ့်ရည်ရွယ်ချက်က ဘာလဲဆိုတာတွေကို သေချာချင့်ချိန်သုံးသပ်ရမှာပေါ့။

## ကိုယ်သိနေတာထက် ပိုသိနေတဲ့သူ

သုံးသပ်တယ်ဆိုတာမျိုးကလည်း ကိုယ့်တစ်ယောက်တည်းစဉ်းစားနေရုံနဲ့ လုံလောက်ပြီ ဆိုတာမျိုးမရှိပါဘူး။ လူ့အသိဉာဏ်က အကန့်အသတ်ရှိတယ်။ ပထမဆုံးတော့ ဒီတစ်ချက်ကိုလက်ခံဖို့ တော်တော်အရေးကြီးတယ်။ ကိုယ်ကိုယ်တိုင်က ဒါမှမဟုတ် ကိုယ့်အဖွဲ့အစည်းက အရာအားလုံးကို တတ်သိနားလည်နေပြီဆိုတဲ့ ထင်မြင်ယူဆချက်မျိုး ရှိနေရင် ဒီလိုအယူအစွဲမျိုးကို မြန်မြန်ပယ်လိုက်သင့်တယ်။ အရာအားလုံးကို တတ်သိနားလည်နေပြီဆိုတဲ့အနေအထားမျိုးက သာမန်လူတွေအတွက် မရနိုင်၊ မရောက်နိုင်တဲ့ အနေအထားမျိုးပါ။ ကိုယ်ကသာမန်ထက် ထူးကဲသာလွန်တဲ့ပုဂ္ဂိုလ်မျိုးလို့ ကိုယ့်ကိုယ်ကိုယ် အထင်ရောက်နေရင်တောင်မှ အဲဒီထူးချွန်ပြောင်မြောက်မှုက အကန့်အသတ်မဲ့၊ အနှိုင်းမဲ့ဆိုတဲ့ အခြေအနေမျိုးအထိ ရောက်နိုင်ဖို့ တကယ်ကိုခက်ခဲတယ်ဆိုတာကို သတိချပ်သင့်တယ်။ ပြောချင်တဲ့ အချက်ကတော့ စဉ်းစားပြီဆိုတဲ့ အခါတိုင်းမှာ ကိုယ်သိနေတာထက် ပိုသိတဲ့သူ ရှိနေနိုင်သေးတယ် ဆိုတဲ့အချက်ပါပဲ။ အဲသလိုပိုသိတဲ့သူက ကိုယ့်ရဲ့အနီးဆုံးမှာရှိနေတဲ့သူ ဖြစ်ချင်ဖြစ်နိုင်သလို အဝေးမှာလည်း ရှိနိုင်တယ်ပေါ့။ တိုင်ပင်ရမယ့်လူ ရှာရတာကလည်း ပေါ့ပေါ့တန်တန် သဘောမထားသင့်တဲ့ ကိစ္စတစ်ခုလို့ပဲ ဆိုကြပါစို့။

ကိုယ့်ရဲ့သိမြင်နိုင်စွမ်းက အကန့်အသတ်ရှိနေသလို ကိုယ်တိုင်ပင်ဆွေးနွေးတဲ့သူမှာလည်း သူ့အတိုင်းအတာ၊ သူ့အကန့်အသတ်နဲ့ သူရှိမှာပေါ့။ ဒါကသဘာဝကျတဲ့ကိစ္စတစ်ခုပါ။ အကန့်အသတ်ရှိတဲ့သူချင်းအတူတူ တိုင်ပင်ဆွေးနွေးလိုက်တော့ တစ်ယောက်တည်းစဉ်းစားတဲ့အဖြေထက် ပိုကောင်းတဲ့ အဖြေဘက်ကို နီးစပ်လာနိုင်တာပေါ့။ တစ်ယောက်မက နှစ်ယောက်၊ သုံးယောက်၊ လေးငါးယောက်နဲ့ တိုင်ပင်ရင်တော့ စောစောကထက် ပိုကောင်းတာပေါ့။ ဒါဆို ဒီထက်ပိုကောင်းတဲ့ အနေအထားရောရှိဦးမလား။ ရှိပါသေးသတဲ့။ ဒါကတော့ အချက်အလက်ကိုအခြေခံတဲ့ စဉ်းစားသုံးသပ်မှု၊ သုတေသနအပေါ်အခြေခံတဲ့ စဉ်းစားသုံးသပ်ဆုံးဖြတ်မှုတွေပါပဲတဲ့။

> **ဒီသုတေသနမှာ ကိုယ်ပါဝင်ပူးပေါင်းလိုက်ရင် ကိုယ်နဲ့ကိုယ့်အဖွဲ့အစည်းရဲ့ အားနည်းချက်တွေကို သုတေသီဘက်က သိသွားလေမလား၊ ရှိနေတဲ့ အားနည်းချက်တွေကို ကိုယ်တိုင်သက်သေပြလိုက်မိသလိုဖြစ်သွားလေမလား၊ ကိုယ့်ဆီကပေးလိုက်တဲ့ အချက်အလက်တွေကို မလျော်မကန်အသုံးပြုတာမျိုးတွေ ဖြစ်သွားနိုင်မလား ဆိုတာမျိုးတွေ တွေးပူမိကြတာမျိုးလည်း ဖြစ်နိုင်တယ်**

## သုတေသနအပေါ် အခြေခံတဲ့ စဉ်းစားသုံးသပ်မှု

သုတေသနနယ်ပယ်မှာရော သုတေသန မဟုတ်တဲ့နယ်ပယ်မှာပါ အချက်အလက်တွေကို သုံးကြရတာချင်းတူပါတယ်။ ဒါပေမယ့် မတူတာက ယူပုံယူနည်းနဲ့၊ ချဉ်းကပ်သုံးသပ်ပုံ နည်းလမ်းတွေပေါ့။ သုတေသနမှာကျတော့ စံနှုန်းတွေရှိတယ်၊ သတ်မှတ်ချက်တွေရှိတယ်။ ဘယ်အချက်အလက်က ခိုင်မာတယ်၊ ဘယ်အချက်အလက်က မခိုင်မာဘူး၊ ဘယ်ဟာက ယုံကြည်လက်ခံနိုင်လောက်တဲ့ အရင်းအမြစ်၊ ဘယ်ဟာကတော့ သူနဲ့ဆန့်ကျင်ဘက် ဆိုတာမျိုးတွေပေါ့။ ကိန်းဂဏန်း အချက်အလက် ဆိုရင်လည်း ဘယ်ပုံဘယ်နည်း တွက်ချက်ပြီးမှ သုံးသပ်နိုင်မယ်ဆိုတာတွေ၊ အများရဲ့ သဘောထားအမြင်စစ်တမ်း ကောက်ယူရမယ်ဆိုရင်လည်း ဘယ်ပုံဘယ်နည်းနဲ့မေးတာက ကျင့်ဝတ်နဲ့ညီပြီး ဘယ်ပုံဘယ်နည်းကတော့ စံနှုန်းတွေကနေ သွေဖည်နေတယ်ဆိုတာတွေ၊ ရလာတဲ့သဘောထားအမြင်တွေကို ဘယ်လိုချဉ်းကပ်သုံးသပ်ပြီးမှ ကောက်ချက်ချသင့်တယ်ဆိုတာတွေကို ပညာရှင်တွေက တင်ပြထားကြတယ်။ ဒီစံနှုန်းတွေနဲ့အညီ သုတေသနပြုပြီးတော့ ရလာတဲ့အဖြေက ကိုယ့်တစ်ယောက်တည်း စဉ်းစားထားတဲ့အဖြေထက် ပိုကောင်းသလို နှစ်ယောက်သုံးယောက်၊ လေးငါးယောက်နဲ့၊ အစုအဖွဲ့နှစ်ခုသုံးခုနဲ့ တိုင်ပင်ညှိနှိုင်းပြီးရလာတဲ့ အဖြေထက်လည်း ပိုကောင်းဖို့အလားအလာများတယ်။

သတင်းအချက်အလက်တွေ၊ ကိန်းဂဏန်းအချက်အလက်တွေကို နည်းလမ်းတကျ လေ့လာဆန်းစစ်ကြည့်ခြင်းအားဖြင့် ပကတိအခြေအနေတွေ၊ အခက်အခဲပြဿနာတွေ၊ နောင်မှာဖြစ်လာနိုင်ခြေရှိတဲ့ အလားအလာတွေကို သိမြင်နိုင်ခွင့်၊ ခန့်မှန်းနိုင်ခွင့်ရသွားတယ်။ အားနည်းချက်တွေကို လျော့ပါးပြေပျောက်သွားအောင် ပြုပြင်နိုင်ခွင့်ရသွားသလို အားသာချက်တွေကိုလည်း ကောင်းသည်ထက်ကောင်းလာအောင် မွမ်းမံနိုင်ခွင့်ရသွားတယ်။ မဖြစ်သေးတဲ့ပြဿနာ၊ မကြီးထွားသေးတဲ့ပြဿနာတွေကိုလည်း အချိန်မီသိခွင့်၊ ဖြေရှင်းခွင့်ရသွားတယ်။ ဖြစ်နိုင်ခြေရှိတာတွေကို ခန့်မှန်းတာချင်းအတူတူ သာမန်အမြင်၊ အကြားနဲ့၊ ကိုယ့်ထင်မြင်ယူဆချက်နဲ့ ခန့်မှန်းတာထက် အချက်အလက်အပေါ်အခြေခံတဲ့ ခန့်မှန်းသုံးသပ်မှု၊ သုတေသနအပေါ်အခြေခံတဲ့ ခန့်မှန်းသုံးသပ်မှုက တိကျနိုင်ခြေဘက်ကို ပိုနီးစပ်တယ်။ အမှားအယွင်းတွေကို ရှောင်နိုင်ဖို့အခွင့်အလမ်း ပိုနီးစပ်လာတယ်။ ဒါကြောင့် အရေးကြီးတဲ့ဆုံးဖြတ်ချက်တွေကို အချက်အလက်အခြေခံတဲ့ ချဉ်းကပ်မှု၊ သုတေသနကိုအခြေခံတဲ့ စဉ်းစားသုံးသပ်မှုတွေနဲ့ ဆောင်ရွက်သင့်တယ်။

သုတေသနရဲ့ရည်ရွယ်ချက်ကိုက ကိစ္စတစ်ခုခု၊ ပြဿနာတစ်ခုခုနဲ့ပတ်သက်လို့ ခြေခြေမြစ်မြစ်သိရှိနိုင်ဖို့ လေ့လာဆန်းစစ်တာမို့ ရလာတဲ့ရလဒ်က ထိုက်သင့်တဲ့တန်ဖိုးတစ်ခုတော့ ရှိနေတာပါပဲ။ သုတေသနတွေ ဆောင်ရွက်ခြင်းအားဖြင့် သက်ဆိုင်ရာနယ်ပယ်တွေမှာ သိမြင်နားလည်မှု နယ်ပယ်အဝန်းအဝိုင်း ပိုပြီးကျယ်ပြန့်သွားစေတယ်။ ပိုပြီးထဲထဲဝင်ဝင်သိလာတယ်။ ဒီကနေတစ်ဆင့် အသိသစ်အမြင်သစ်၊ အတွေးအခေါ်အယူအဆသစ်၊ သီအိုရီအသစ်တွေပေါ်လာတယ်။ ဒီအသစ်၊ အသစ်တွေကြောင့်ပဲ အချိန်နဲ့အမျှ တိုးတက်မှုတွေဖြစ်လာတယ်လို့ဆိုရမှာပေါ့။

## ယုံကြည်စိတ်ချရတာချည်းပဲလို့တော့ မဆိုနိုင်

သုတေသနလုပ်ငန်းတစ်ခုက ထွက်လာတဲ့ရလဒ်မှန်သမျှ ယုံကြည်စိတ်ချရတာချည်းပဲလို့တော့ မဆိုနိုင်ဘူးပေါ့။ ဘယ်လိုရည်ရွယ်ချက်နဲ့ ဆောင်ရွက်သလဲ၊ အချက်အလက်တွေကို ဘယ်လိုရယူ စုဆောင်းခဲ့သလဲ၊ ဘယ်အချိန်ကာလကလဲ၊ ဘယ်နေရာမှာလဲ၊ ဘယ်နယ်ပယ်မှာလဲ၊ ဘယ်အရင်းအမြစ်တွေက ရယူခဲ့သလဲ၊ ရလာတဲ့အချက်အလက်တွေကို ဘယ်လိုနည်းလမ်းတွေနဲ့ ခွဲခြမ်းစိတ်ဖြာခဲ့သလဲ၊ ဘယ်အတိုင်းအတာအထိ တိကျသလဲ၊ ဘယ်အတိုင်းအတာအထိ လွဲနိုင်ခြေရှိသလဲ၊ သုတေသီကိုယ်၌က သုတေသနကျင့်ဝတ်တွေကို ဘယ်လောက်လိုက်နာခဲ့သလဲ၊ ပညာရပ်ဆိုင်ရာ အရည်အချင်းနဲ့ ဘယ်အတိုင်းအတာအထိ ပြည့်စုံသလဲဆိုတာတွေမူတည်ပြီးတော့ ရလဒ်ရဲ့တန်ဖိုးကလည်း ကွာသွားမှာပေါ့။ ကျင့်ဝတ်တွေကနေ သွေဖည်သွားတဲ့သူတွေလည်း ရှိတော့ရှိတတ်ပါတယ်။ အကြောင်းအရာတစ်ခုရဲ့ ပကတိအနေအထားကို လေ့လာဖို့ဆိုတာထက် နဂိုရှိရင်းစွဲ ယုံကြည်ချက်ကို မှန်ကန်ကြောင်း သက်သေပြချင်တာနဲ့ပဲ ကိုယ်လိုချင်တဲ့အဖြေနဲ့ နီးစပ်တဲ့သတင်းအချက်အလက်တွေကိုပဲ ရှာကြံဖော်ထုတ်ပြီး မူလယူဆချက်မှန်ပါတယ်လို့ သက်သေပြတဲ့ကိစ္စမျိုးပေါ့။ ဒီလိုမျိုးလည်း ရှိတော့ရှိတတ်တယ်။ ဒီလိုလုပ်ရင်လည်း ပညာရှင်အသိုင်းအဝိုင်းက ရေရှည်လက်ခံမှာ မဟုတ်ပါဘူး။ ဒါ့ကြောင့် သာမန်အားဖြင့်တော့ သုတေသနရလဒ်တွေကိုအခြေခံပြီး စဉ်းစားသုံးသပ်တဲ့အလုပ်က မှားနိုင်ခြေနည်းတယ်လို့ပဲ ပြောရမှာပေါ့။ သုတေသနကို အလေးထားတဲ့ နိုင်ငံတွေ၊ အဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေ၊ လုပ်ငန်းတွေကို ကြည့်လိုက်ရင် ဆုံးရှုံးမှုနည်းပြီး အောင်မြင်မှုဘက်ကိုပဲ အချိန်နဲ့အမျှ ခရီးဆက်လာနိုင်ကြတာကို တွေ့ရမှာပါ။ ဒါ့ကြောင့် အဖွဲ့အစည်းတွေကိုယ်တိုင်က သုတေသနတွေကို စဉ်ဆက်မပြတ်ပြုနေသင့်သလို ကိုယ့်အဖွဲ့အစည်းနဲ့ပတ်သက်ပြီး သုတေသနပြုလာရင်လည်း ထိုက်သင့်တဲ့အားလျော်စွာ ပူးပေါင်းဆောင်ရွက်သင့်၊ အားပေးကူညီသင့်တယ်။

## ပူးပေါင်းကူညီဖို့ တုံ့ဆိုင်းနေ

သုတေသနလုပ်ငန်းတွေကို အားပေးသင့်တာ မှန်ပေမယ့် တချို့အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေကျတော့လည်း ပူးပေါင်းကူညီဖို့တုံ့ဆိုင်းနေမိတတ်ကြတယ်။ ဒီသုတေသနမှာ ကိုယ်ပါဝင်ပူးပေါင်းလိုက်ရင် ကိုယ်နဲ့ကိုယ့်အဖွဲ့အစည်းရဲ့ အားနည်းချက်တွေကို သုတေသီဘက်က သိသွားလေမလား၊ ရှိနေတဲ့ အားနည်းချက်တွေကို ကိုယ်တိုင်သက်သေပြလိုက်မိသလိုဖြစ်သွားလေမလား၊ ကိုယ့်ဆီကပေးလိုက်တဲ့ အချက်အလက်တွေကို မလျော်မကန် အသုံးပြုတာမျိုးတွေဖြစ်သွားနိုင်မလားဆိုတာမျိုးတွေ တွေးပူမိကြတာမျိုးလည်း ဖြစ်နိုင်တယ်။ အားနည်းချက်၊ အားသာချက်တွေကတော့ ပေါ်လာမှာပေါ့။ ဒါကိုတော့ မစိုးရိမ်သင့်ပါဘူး။ အားနည်းချက်ကိုသေချာသိပြီးမှ အားသာချက်ဆီရောက်အောင်သွားဖို့အဆင်ပြေမှာပါ။ သုတေသနနည်းလမ်းရဲ့လိုအပ်ချက်အရဖြစ်ဖြစ်၊ သုတေသီရဲ့ ဆင်ခြင်သုံးသပ်နိုင်စွမ်း လိုအပ်ချက်အရပဲဖြစ်ဖြစ် အခြေအနေမှန်နဲ့မကိုက်တဲ့ရလဒ်မျိုး ပေါ်လာတာမျိုးလည်း ဖြစ်တော့ဖြစ်နိုင်ပါသေးတယ်။ ဒါပေမယ့် မမှန်ကန်တဲ့ရလဒ်၊ ဒါမှမဟုတ် အရည်အသွေးမပြည့်တဲ့ရလဒ်အတွက်က သုတေသီမှာပဲ တာဝန်ရှိနေမှာပါ။ နောက်တစ်ချက်၊ ကိုယ်ပေးလိုက်တဲ့ သတင်းအချက်အလက်ကို မလျော်မကန်သုံးတာမျိုး ဖြစ်နိုင်မလား ဆိုတာကျတော့ တစ်ဖက်က လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းရဲ့ သုတေသနကျင့်ဝတ်တွေ အပေါ်မူတည်သွားမှာပါ။ ဒီလိုသံသယမျိုး ဝင်နေပြီဆိုရင် အစကတည်းက ပူးပေါင်းကူညီမှုမပြုဘဲ နေနိုင်သလို ရောက်တဲ့အဆင့်မှာပဲ ရပ်ထားပိုင်ခွင့် လည်းရှိတယ်။ ကျင့်ဝတ်သိက္ခာနဲ့ ပြည့်စုံတဲ့ သုတေသနပညာရှင်တွေနဲ့ ပတ်သက်ရင်တော့ ဒီလိုပြဿနာမျိုးတွေ ဖြစ်လာမှာမဟုတ်ပါဘူး။ ထားပါတော့။

အလေးအနက် သုံးသပ်ဆုံးဖြတ်ရမယ့် အကြောင်းအရာတစ်ခုကလည်းရှိနေပြီ၊ နည်းလမ်းတကျ ဆန်းစစ်လေ့လာထားတဲ့ ရလဒ်တစ်ခုကလည်း ရှိနေပြီ၊ ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကလည်း ရှိနေပြီ၊ နည်းလမ်းတစ်ခုချင်းစီရဲ့ အားနည်းချက်၊ အားသာချက်တွေကိုလည်းသိနေပြီ၊ နည်းလမ်းတစ်ခုချင်းစီရဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေကိုလည်း ထိုက်သင့်သလောက် ခန့်မှန်းမိနေပြီဆိုရင်တော့ လျော်ကန်သင့်မြတ်တဲ့ ဆုံးဖြတ်ချက်တစ်ခုချမှတ်နိုင်ဖို့ အလားအလာကောင်းသွားပြီလို့ ပြောရမှာပေါ့။

အချက်အလက်အခြေပြုစဉ်းစားမှု၊ သုတေသနအခြေပြုစဉ်းစားမှုဆိုတာတွေဘက်ကို တတ်နိုင်သမျှ ဦးတည်နေကြရမှာပါပဲ။ ။

# သင်္ကြန်အတက်နေ့ မြို့နယ်အသီးသီး၌ ရေကစားသူများ၊ စတုဒိသာကျွေးမွေးကြသူများဖြင့် စည်ကား

**သင်္ကြန်အတက်နေ့(ဧပြီ ၁၆ ရက်)တွင် မြို့နယ်အသီးသီးမှ ဇာတိမဏ္ဍပ်များ အပါအဝင် ပြည်သူများ၏ ရေကစားမဏ္ဍပ်များ၌ ရေကစားသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိသည်။ ထို့ပြင် မြို့နယ်အသီးသီးရှိ ဘုရားစေတီများ၌လည်း ဘုရားဖူးလာသူများ၊ ဥပုသ်သီလစောင့်ကြသူများဖြင့် စည်ကားလျက်ရှိသည်။**

## ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ဇာတိမဏ္ဍပ် ထည့်သွင်းကျင်းပနိုင်ခြင်းမရှိသော်လည်း ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနရုံးအနီး၌ ရေကစားမဏ္ဍပ်ဆောင်ရွက်ပေးထားရာ ယနေ့သင်္ကြန်အတက်နေ့တွင် ဒေသခံပြည်သူများနှင့် ရပ်ဝေးရပ်နီးမှ ရေပက်ခံထွက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။ ထို့ပြင် အတာသင်္ကြန်ရေကစားမဏ္ဍပ်အနီးမှ ဌာနဆိုင်ရာများ၏ စုပေါင်းစတုဒိသာမဏ္ဍပ်တွင်လည်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က နေ့စဉ် စတုဒိသာကျွေးမွေးလှူဒါန်းလျက်ရှိသည်။

အလားတူ နှစ်သစ်ကူး အတာသင်္ကြန် ပွဲတော်ကာလတွင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင်လည်း ကုသိုလ်ပြု စတုဒိသာကျွေးမွေးလှူဒါန်းကြသူများ၊ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများနှင့် ဘုရားကျောင်းကန်များတွင် စိတ်အေးချမ်းစွာ တရားဘာဝနာပွားများ အားထုတ်ကြသူများဖြင့် စည်ကားလျက်ရှိပြီး ကျောင်းတော်ရာကျေးရွာရှိ စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်၊ ဘုရားကုန်းကျေးရွာအနီးရှိ ပါဝါရုံ(ရွှေပန်းမြိုင်)စေတီတော်၊ အုတ်ဖိုကျေးရွာအနီးရှိ ကုက္ကုဋ္ဌာရုံစေတီတော်၊ ရွာခိုင်ကျေးရွာရှိ ဃောသိတာရုံစေတီတော်တို့တွင်လည်း ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများနှင့် စည်ကားလျက်ရှိပြီး ပွင့်ဖြူမြို့အနီး မုန်းချောင်းတွင်လည်း လာရောက်စိတ်အပန်းဖြေ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**



## ဟိုပုံး

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မဟာသင်္ကြန်မဏ္ဍပ်၌ သင်္ကြန်အတက်နေ့တွင် ရေပက်ခံလည်ပတ်သူများ၊ ရေကစားကြသူများဖြင့် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိသည်။

ဟိုပုံးမြို့နယ်၌ မဟာသင်္ကြန်မဏ္ဍပ်တွင် ယိမ်းအကအလှများ၊ အဆိုတော်များ၊ ဒီဂျေများဖြင့် ရေကစားသူများ ပျော်ရွှင်စွာရေကစားနေမှုအား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းမှ အရာရှိကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီးနောက် ယိမ်းအကအလှများ၊ အဆိုတော်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



## ငပုတော

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့၌ မဟာသင်္ကြန်အတက်နေ့ နံနက်ပိုင်းတွင် ဘုရားကျောင်းကန်များ၌ ဥပုသ်သီတင်းသီလဆောက်တည်ကြသူများ၊ ရေကစားသူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် အထူးစည်ကားလျက်ရှိပြီး ငပုတောမြို့ အတာသင်္ကြန်ဇာတိမဏ္ဍပ်တွင်လည်း ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ ငပုတောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများနှင့် ရပ်ကွက်များတွင်လည်း ရေကစားကြသူများ၊ စတုဒိသာကျွေးမွေးကြသူများဖြင့် အေးချမ်းပျော်ရွှင်စွာ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**



## ပင်းတယ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ရွှေဥမင်ဘုရားနယ်မြေအတွင်းရှိ ဇာတိရေကစားမဏ္ဍပ်အပါအဝင် မဏ္ဍပ်များတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဘုရားဖူးဧည့်သည်များ၊ ဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိသည်။ ဇာတိမဏ္ဍပ်တွင် လာရောက်ရေကစားကြသည့် ပြည်သူများ အေးချမ်းပျော်ရွှင် ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ပြည်သူများ၏လုံခြုံရေးကို တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပင်းတယမြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ၊ တရားဘာဝနာ ပွားများအားထုတ်ကြသူများ၊ စတုဒိသာကျွေးမွေးဧည့်ခံခြင်း အလှူများဖြင့် စည်ကားလျက်ရှိပြီး မြို့နယ်အတွင်းရှိ အထင်ကရနေရာများတွင်လည်း လာရောက် အပန်းဖြေကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**



## ကျိုက်ထို

မွန်ပြည်နယ် ကျိုက်ထိုမြို့၌ ယခုနှစ် မဟာသင်္ကြန်ပွဲတော် အတက်နေ့တွင် ပြည်သူများ ပျော်ရွှင်စွာ ရေကစားခြင်း၊ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်း၊ ကျောင်းကန်ဘုရားများ၌ ဥပုသ်သီလဆောက်တည်ခြင်းတို့ဖြင့် ပျော်ရွှင်အေးချမ်းစွာ ဖြတ်သန်းလျက်ရှိကြောင်း သိရသည်။

ကျိုက်ထိုမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့နှင့် ကျိုက်ပေါလောမှဲ့ရှင်တော် ဘုရားဂေါပကအဖွဲ့တို့ ပူးပေါင်းကာလူအများသွားလာနေသည့် ပြည်သူ့ဈေးရှေ့စတုဒိသာမဏ္ဍပ်၌ ကြက်သားထမင်းနှင့် ကြာဆံကြော်တို့ကို ဈေးရောင်းဈေးဝယ်သူများနှင့် သွားလာနေသည့် ခရီးသွားပြည်သူများအား စတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။

ကျိုက်ထိုမြို့အတွင်း အုန်းလက်မဏ္ဍပ်ငယ်များဖြင့် ရေကစားခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီများ၌ ဥပုသ်သီလဆောက်တည်ခြင်း တရားဘာဝနာများပွားများခြင်းတို့ဖြင့် မြန်မာ့ရိုးရာမဟာသင်္ကြန်အတက်နေ့ကို အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သာယာဝတီ

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ ဈေးရပ်ကွက် ရန်ကုန်- ပြည်လမ်းမကြီးပေါ်ရှိ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဇာတိရေကစားမဏ္ဍပ်တွင် ခရိုင်အတွင်းရှိ မြို့နယ်များမှ လာရောက်ရေကစားကြသူများ၊ မြို့ပေါ်ရပ်ကွက်များမှ လူငယ်လူရွယ်များ၊ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိသည်။

သာယာဝတီမြို့နယ် ဇာတိမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်တွင် အနုပညာရှင်များက သင်္ကြန်၏ပုံရိပ်ကို ပေါ်လွင်စေမည့် သင်္ကြန်သီချင်းများနှင့် သီဆိုဖျော်ဖြေမှုများဖြင့် စည်ကားလျက်ရှိပြီး မြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများတွင်လည်း ဘုရားဖူးလာပြည်သူများ၊ တရားဘာဝနာပွားများ အားထုတ်ကြသူများ၊ စတုဒိသာအလှူများဖြင့် စည်ကားလျက်ရှိသည်။ ပြည်သူများ အေးချမ်းပျော်ရွှင် ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်စေရန် မြို့နယ်ရဲတပ်ဖွဲ့က ပြည်သူများ၏ လုံခြုံရေးအတွက်တာဝန်ယူ ဆောင်ရွက်ပေးပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့များကလည်း ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် ယာဉ်ကြောရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက်)**



## ကျောက်ပန်းတောင်း

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ ဇာတိမဏ္ဍပ်၌ ဌာနဆိုင်ရာယိမ်းအဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ယိမ်းအဖွဲ့ ၁၀ ဖွဲ့မှ လှပျိုဖြူလေးများက အလှည့်ကျ ကပြဖျော်ဖြေလျက်ရှိပြီး ဖျော်ဖြေရေးမဏ္ဍပ်အနီးတွင် သင်္ကြန်ချစ်သူများက အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားလျက်ရှိကြကာ ဌာနဆိုင်ရာများ စုပေါင်း၍ စတုဒိသာအဖြစ် သာကူကျို/ဂျုံကျိုများဖြင့် ကျွေးမွေးဧည့်ခံလျက်ရှိသည်။

အဆိုပါ ဧည့်ခံဖျော်ရေး မဏ္ဍပ်နှင့် ရေပက်ကစားရာနေရာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ယိမ်းအဖွဲ့ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ဝါသနာရှင် သင်္ကြန်ချစ်သူများက လှည့်လည်ကြည့်ရှု အားပေးလျက်ရှိသည်။

**နေအောင်(ပြန်/ဆက်)**

## မင်္ဂလာတောင်ညွန့်

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ ယခုနှစ်မဟာသင်္ကြန်ကာလတွင် လမ်းလျှောက်သင်္ကြန်ကိုပါ ထည့်သွင်းဆောင်ရွက်ခဲ့ပြီး ဇာတိရေကစားမဏ္ဍပ်၌ မဟာသင်္ကြန်အတက်နေ့တွင် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပြည်သူများပျော်ရွှင်စွာ ဆက်လက်ရေကစားလျက်ရှိသည်။ ဖျော်ဖြေရေးအစီအစဉ်များအဖြစ် သင်္ကြန်သီချင်းများ၊ ခေတ်ပေါ်သီချင်းများ၊ DJ တီးခတ်မှုများ၊ အကအဖွဲ့များ၏ ကပြဖျော်ဖြေမှုများ ပါဝင်ပြီး စတုဒိသာကျွေးမွေးဧည့်ခံမှုများဖြင့် စည်ကားလျက်ရှိသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားလုံးကလည်း ပြည်သူများရေကစားရာတွင် အဆင်ပြေစေရေး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မိုးမင်းမောင်(မင်္ဂလာတောင်ညွန့်)**





# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Verbs (ကြိယာ) အကြောင်းဖော်ပြရာမှာ သိသင့်သိထိုက်တဲ့ Helping Verbs (အကူကြိယာ) တွေအကြောင်း ဖော်ပြလိုက်ပါတယ်။ Helping Verbs (အကူကြိယာ) သုံးမျိုးရှိတဲ့အနက် ပထမဆုံးအနေနဲ့ Verb To Be အကြောင်း ပြည့်ပြည့်စုံစုံ ဖော်ပြလိုက်ပါတယ်။ ဒ့ါအပြင် စကားပြောပိုင်းမှာလည်း Shortest way to talk about 'Working out at the gym' အားကစားရုံမှာ လေ့ကျင့်ခန်းလုပ်တာနဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့အဓိပ္ပာယ်ဆန့်ကျင်ဘက် စကားလုံးတွေကို မြန်မာလို အဓိပ္ပာယ် ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း မြန်မာ့နှစ်ကူးမှစကာ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာတော့ Verbs တွေ အကြောင်းဖော်ပြရာမှာ သိသင့်သိထိုက်တဲ့ Helping Verbs (အကူကြိယာ)တွေအကြောင်း ဖော်ပြလိုက်ပါတယ်။ အကူကြိယာသုံးမျိုးရှိတဲ့အနက် ပထမဆုံး "Verb To Be" အကြောင်းကို နမူနာဝါကျများနဲ့တကွ ပြည့်ပြည့်စုံစုံလေး ဖော်ပြလိုက်ပါတယ်။

**Helping Verbs (အကူကြိယာများ)**

**ပုံမှန်အားဖြင့် အကူကြိယာသုံးမျိုးရှိသည်။ ၎င်းတို့မှာ –**

- Verb "To Be"
- Verb "To Have"
- Verb "To Do" **တို့ဖြစ်ကြသည်။**

**Verb To Be**

Verb To Be ကို ပင်မကြိယာ **(Main Verb)** အနေဖြင့်သာမက အကူကြိယာ **(Helping Verb)** အနေဖြင့်ပါ အသုံးပြုနိုင်သည်။

**Verb To Be ကို အသုံးပြုသည့်** Person၊ Number၊ Tense **တို့နှင့်လိုက်ပြီး အမျိုးမျိုးပြောင်းသုံးနိုင်သည်။**

Present Tense – am, is, are

Past Tense – was, were

Present Participle – being

Past Participle – been

**Verb To Be – Main Verb (ပင်မကြိယာ)**

➢ Verb To Be has the sense of mere existence:

Verb To Be ကို Main Verb (ပင်မကြိယာ) အနေဖြင့် သုံးသောအခါ (ရှိသည်၊ ဖြစ်သည်) ဟု အဓိပ္ပာယ်ကောက်ယူနိုင်သည်။ ဥပမာ –

- I am here. Where are you?
- Is your mother at home?
- The book you want must be on the shelf.
- Have you ever been to Bagan?
  No, I have never been to Bagan.

➢ Verb To Be is used as a verb of Incomplete Predication with a complement:

**ဝါကျတစ်ကြောင်းရေးသားရာတွင် Verb To Be ကို အဖြည့်ခံပုဒ်များနှင့် တွဲသုံးပြီး အဓိပ္ပာယ်ပြည့်စုံအောင် ရေးသားဖော်ပြနိုင်သည်။ ဥပမာ –**

- Thuzar is pretty.
- This car is good.
- My parents are farmers.
- What do you want to be?
- We have been friends for years.

**Verb To Be – Helping Verbs (အကူကြိယာ)**

➢ the verb to be helps to form the continuous tenses:

- I am working. She is reading.
- It isn't raining now.
- They weren't studying when I met them.
- Sally is leaving.
- They are running.

**ဖော်ပြပါ ဝါကျများကို လေ့လာကြည့်လျှင် am၊ is၊ are၊ was၊ were တို့ကို ဝါကျရှိ တခြား Verbs** (ကြိယာ) **များနှင့် တွဲသုံးထားသည်ကို တွေ့မြင်နိုင်သည်။ ထိုကဲ့သို့ တခြား Verbs** (ကြိယာ) **များနှင့် တွဲသုံးထားသည့် အဆိုပါ am၊ is၊ are၊ was၊ were တို့ကို Verb To Be – Helping Verbs** (အကူကြိယာ) **များဟု ခေါ်သည်။**

➢ the verb to be also helps to form the Passive Voice:

**Passive Voice** (ကြိယာရဲ့ပြုလုပ်မှု ကတ္တားပေါ် ပြန်သက်ရောက်တဲ့ ရေးနည်း သို့မဟုတ် အကြောင်းအရာ၊ ဖြစ်ရပ်ဦးစားပေးရေးနည်း) ကို ဖော်ပြတဲ့ ရေးနည်းများမှာ **verb to be** ကို သုံးနိုင်ပါတယ်။ ဥပမာ –

- He beats me. (Active)
  I am beaten by him. (Passive)
- A dog bites a girl. (Active)
  A girl is bitten by a dog. (Passive)
- A hunter shot a tiger. (Active)
  A tiger was shot by a hunter. (Passive)

**Verb To Be ကို Short Forms အနေဖြင့် သုံးသောအခါ –**

| Positive Short Forms | Negative Short Forms |
|---|---|
| I'm = I am<br>He's = He is<br>She's = She is<br>We're = We are<br>You're = You are<br>They're = They are<br>It's = It is | I'm not = I am not<br>He's not/ He isn't = He is not<br>She's not/ She isn't = She is not<br>We're not/ We aren't = We are not<br>You're not/ You aren't = You are not<br>They're not/ They aren't = They are not<br>It's not/ It isn't = It is not |

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှ အဖြေများ**

1. see 2. know 3. smell 4. hate 5. belongs
6. seem 7. hear 8. remember 9. belong 10. prefer

**Exercise (2) မှအဖြေများ**

1. see 2. know 3. heard 4. smell 5. hates
6. know 7. seem 8. belong 9. see 10. loves

## VOCABULARY (ANTONYMS)

1. plentiful (ပေါများသော) ≠ scarce (ရှားပါးသော)
2. plural (အများကိန်း) ≠ singular (အနည်းကိန်း)
3. polite (ယဉ်ကျေးသော) ≠ rude (ရိုင်းစိုင်းသော)
4. poor (ဆင်းရဲသော) ≠ rich (ချမ်းသာသော)
5. poverty (ဆင်းရဲခြင်း) ≠ wealth (ချမ်းသာခြင်း)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။*
*နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "Working out at the gym"

ဒီတစ်ပတ်မှာတော့ "Working out at the gym" အားကစားရုံမှာ လေ့ကျင့်ခန်းလုပ်တာနဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about "Joining a gym" ဆိုပြီး ဖော်ပြလိုက်ပါတယ်။

**What are … doing (today)?**

၁။ ဒီနေ့ ဘာလုပ်မလဲဆိုပြီး ပြောတဲ့အခါ တွေ့နေကျဖြစ်တဲ့ စကားပြောပုံစံတစ်မျိုးကတော့ what are … doing (today) ပုံစံပဲဖြစ်ပါတယ်။ … ထဲမှာတော့ Sub ထည့်ပြီး မေးခွန်းပုံစံဖန်တီးနိုင်ပါတယ်။ ဥပမာ –

- What are we doing today?

**Will + V–inf**

၂။ မကြာမီလုပ်တော့မယ်၊ စားတော့မယ်၊ သွားတော့မယ်ဆိုပြီး ပြောချင်ရင် will + V–inf ပုံစံနဲ့ပြောနိုင်ပါတယ်။ ဒါကတော့ ရုတ်တရက် ဆုံးဖြတ်ချက်ချပြီး ပြောတဲ့ပုံစံမျိုးလည်း ဖြစ်ပါတယ်။ အဲဒီလိုမျိုး ရုတ်တရက်ဆုံးဖြတ်ချက်ချပြီး ပြောတဲ့အခါမှာ အခုလို will + V–inf ပုံစံမျိုးသုံးနိုင်ပါတယ်။ ဥပမာ –

- First, we will lift weights.
- Then we will take an aerobics class.

**I think/ I don't think I'll + V–inf**

၃။ ကိုယ့်ရဲ့ ထင်မြင်ယူဆချက်ကို ပြောရင် ဒီပုံစံမျိုး သုံးနိုင်ပါတယ်။ ဥပမာ ကျွန်တော်ထင်တယ်ဆိုရင် I think နဲ့ သုံးနိုင်ပါတယ်။ ကျွန်တော် မထင်ဘူးဆိုရင်တော့ I don't think နဲ့ သုံးနိုင်ပါတယ်။ သူတို့ရဲ့ အနောက်မှာတော့ Future Positive ကို သုံးနိုင်ပါတယ်။ I think နဲ့ I don't think ရဲ့ နောက်ကလိုက်လာတဲ့ Verb ကိုတော့ Negative ပြောင်းလို့ မရပါဘူး။ ဥပမာ –

- I don't think I'll have any energy left for that.
- I think it will rain today.

**It's time for + Noun**

၄။ တစ်ခုခုလုပ်ဖို့ အချိန်ကျပြီ၊ အချိန်တန်ပြီဆိုပြီး ပြောတဲ့အခါမှာ It's time for + Noun ပုံစံနဲ့ သုံးနိုင်ပါတယ်။ ဒါမှမဟုတ်လည်း It's time to + V–inf ပုံစံနဲ့သုံးနိုင်ပါတယ်။ ဥပမာ –

- It's time to go home.
- It's time for our aerobics class!

**Working out at the gym**

**Fitness Instructor**: I'm so pumped for this workout today.

Fitness Freak: I'm still sore from our last workout. What are we doing today?

**Fitness Instructor**: You're going to love it. First, we will lift weights. Then we will take an aerobics class. And we will end with some yoga stretches.

Fitness Freak: That sounds like a lot. I thought we were going to run outside today.

**Fitness Instructor**: We're going to run outside later today.

Fitness Freak: Are you serious? I don't think I'll have any energy left for that.

**Fitness Instructor**: Of course, you will. Don't worry. So, let's start with the weights.

Fitness Freak: I think 5 days a week at the gym is too much for me.

**Fitness Instructor**: If you want to build muscles, resistance and strength, you need to stick to the gym. We are building up good habits at the same time. We need to lose some weight too. Nutrition is also important if you want to lose weight. If you start eating healthy food, you will be surprised how easy it is to lose weight.

Fitness Freak: I agree.

**Fitness Instructor**: We need to make some changes in our diet too. We can fuel up with some healthy fruits and veggies after we finish our workout. It's time for our aerobics class! Let's go!

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် အတက်နေ့ကို ပျော်ရွှင်စွာ ဆက်လက်ဆင်နွှဲ

**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်မှ ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းမည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အတက်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ယိမ်းအကအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ အတာရေသဘင်ပွဲဆင်နွှဲသူများဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ဆင်နွှဲလျက်ရှိသည်။

**ရေသဘင်ပွဲဆင်နွှဲစည်ကား**

မဟာသင်္ကြန်အတက်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကစားမဏ္ဍပ် အသီးသီးတို့၌ ယိမ်းအကအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ အတာရေသဘင်ပွဲ ဆင်နွှဲသူများဖြင့် စည်ကား သိုက်မြိုက်စွာ ဆက်လက်ဆင်နွှဲကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အတာသင်္ကြန် ယိမ်းအကအဖွဲ့များ၏ ယှဉ်ပြိုင်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

ထို့အပြင် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိရေကစားမဏ္ဍပ်များ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိရေကစားမဏ္ဍပ်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မန္တလေးမြို့ရှိ ရေကစားမဏ္ဍပ်များ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ အတာရေသဘင်ပွဲဆင်နွှဲကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်၍ အတာသင်္ကြန် ယိမ်းအကအဖွဲ့များ၏ ယှဉ်ပြိုင်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။



မန္တလေးတပ်နယ်အတွင်းရှိ ရွှေနန်းဗဟိုမဏ္ဍပ်၌ ပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိ။



ခန္တီးတပ်နယ်၌ သင်္ကြန်အတက်နေ့ ပျော်ရွှင်စွာရေကစားကြစဉ်။

**အပန်းဖြေအနားယူ**

ထို့ပြင် နေပြည်တော်လမ်းလျှောက်သင်္ကြန်နှင့် ရေပန်းဥယျာဉ်၊ လှေခွင်းတောင် အပန်းဖြေစခန်း၊ ရန်ကုန်လမ်းလျှောက်သင်္ကြန်၊ မန္တလေးလမ်းလျှောက် သင်္ကြန်နှင့် ဦးပိန်တံတား၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ချောင်းသာကမ်းခြေ၊ ငွေဆောင် ကမ်းခြေ၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ ငပလီ ကမ်းခြေ၊ စစ်တွေပွိုင့် အပန်းဖြေစခန်းနှင့် ပွိုင့်ကမ်းခြေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အင်းလေးရေပေါ် သင်္ကြန်၊ ဟဲဟိုးမြို့ရှိ အင်းခေါင်းဆည်၊ မိုင်းရှူးမြို့ရှိ ဟိုက်ပါရေတံခွန်၊ ကျိုင်းတောင်း ရေတံခွန်၊ ကွန်ဟိန်း ရေပေါ်သင်္ကြန်နှင့် ခိုလမ်ရေပြာစမ်း အပါအဝင် အပန်းဖြေနေရာများ၌ လာရောက်အပန်းဖြေ အနားယူနေသော ပြည်သူများဖြင့် စည်ကားလျက်ရှိပြီး စားသောက်ဆိုင်များ၊ ဒေသထွက်ကုန်ရောင်းချနေသော ဈေးဆိုင်များ ဖွင့်လှစ်ထားရှိကာ စည်ကား သိုက်မြိုက်လျက်ရှိသည်။

ယင်းအပြင် ရေသဘင်ပွဲဆင်နွှဲကြသူများအား စတုဒိသာအကျွေးအမွေး၊ နိဗ္ဗာန်ဈေးပွဲတော်များဖြင့် ညှော်ခံကျွေးမွေးခြင်း၊ ပျော်ရွှင်စွာရေပက်ကစားခြင်း တို့ဖြင့် အတာရေ သဘင်ပွဲတော်ကို ဆင်နွှဲကြသည်။

ထို့အပြင် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည်နှင့် အညီ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီး၊ နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးတို့ အပါအဝင် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြောင်းမြမြို့၌ မဟာသင်္ကြန်အတက်နေ့ ပိတ်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မြောင်းမြ ဧပြီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန် အတက်နေ့ မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ညနေ ၆ နာရီတွင် ခရိုင်ဗဟိုမဏ္ဍပ်နှင့် မြို့နယ်မဏ္ဍပ်တို့၌ ကျင်းပ သည်။

ခရိုင်ဗဟိုမဏ္ဍပ်တွင် ဆုရရှိသူ ယိမ်းအဖွဲ့များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းငွေးနှင့်ဇနီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ သည်။ ထို့အတူ မြို့နယ်မဏ္ဍပ်တွင် ယှဉ်ပြိုင်သော ယိမ်းအဖွဲ့များမှ ဆုရရှိသော ယိမ်းအဖွဲ့များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝ်မိုင်လှကြည်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များမှ သင်္ကြန်အလှမယ်ရရှိသူ တစ်ဦးအား မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေထက်ထက်က ဆုချီးမြှင့်ခဲ့သည်။ ထို့နောက် ဆုရရှိသော ယိမ်းအဖွဲ့များက မန်တောင်ရိပ်ခိုသီချင်းဖြင့် ကပြဖျော်ဖြေ ပြီး မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနား အောင်မြင်စွာရုပ်သိမ်းခဲ့ သည်။

ခရိုင်(ပြန်/ဆက်)




## လားရှိုးမြို့၌ မြန်မာ့ရိုးရာသင်္ကြန်ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**လားရှိုး ဧပြီ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီပရိဝုဏ်၊ ဆင်းရွှေလီကဇာတ်ရုံရှိ ဗဟို မဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ သင်္ကြန် အတက်နေ့ ပိတ်ပွဲအခမ်းအနား နှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီမှစ၍ ကျင်းပ သည်။

ရှေးဦးစွာ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမျိုးကျော်က အဖွင့် မိန့်ခွန်းနှင့် နှစ်သစ်ဆုတောင်း စကားပြောကြားရာတွင် နှစ်သစ် ကူးအတာသင်္ကြန်ရေသဘင်ပွဲကို နှုတ်ဆက်ပါကြောင်း၊ ရှမ်းပြည် နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့သူ၊ မြို့သားများအားလုံး ချမ်းမြေ့ပါစေ၊ ပျော်ရွှင်ပါစေ၊ ကောင်းကျိုးဝေဖြာ ကျက်သရေ မင်္ဂလာအပေါင်း ပြည့်စုံပါစေ၊ အမျိုးသားရေးကိုယ်ပိုင်လက္ခဏာ များကို ကောင်းစွာစောင့်ရှောက် ထိန်းသိမ်းနိုင်သော မျိုးဆက်သစ် လူငယ်များ ဖြစ်ထွန်းပေါ်ပေါက် ပါစေကြောင်း ပြောကြားသည်။



ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ ပထမ ဆုရရှိသည့် ပညာရေးယိမ်းအက အဖွဲ့၊ ဒုတိယဆုရရှိသည့် မြန်မာ နိုင်ငံရဲတပ်ဖွဲ့ ယိမ်းအကအဖွဲ့၊ တတိယဆုရှိသည့် လားရှိုး တက္ကသိုလ် ယိမ်းအကအဖွဲ့၊ နှစ်သိမ့်ဆုများရရှိသည့် ယိမ်း အကဖွဲ့များအား ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့် ခဲ့သည်။

ထို့နောက် ဆုရရှိသော ယိမ်းအဖွဲ့များက ယိမ်းအကအလှ များဖြင့် ပြန်လည်ဂုဏ်ပြုဖျော်ဖြေ ခဲ့ကြပြီး ယိမ်းအကအဖွဲ့များ၊ တက်ရောက်လာသော ဌာနဆိုင် ရာများ၊ နိုင်ငံကျော်တေးသံရှင်များ၊ ညှော့်ပရိသတ်များက မန်းတောင် ရိပ်ခို တေးသီချင်းဖြင့် စုပေါင်း ကပြဖျော်ဖြေ၍ အခမ်းအနားကို ရုပ်သိမ်းသည်။

လားရှိုးမြို့တွင် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ယိမ်းအကအဖွဲ့များ၊ နိုင်ငံကျော် တေးသံရှင်များ၊ လမ်းလျှောက် သင်္ကြန်နှင့် စတုဒိသာမဏ္ဍပ်များ ဖြင့် စည်ကားစွာ ကျင်းပခဲ့ပြီး ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကြောင်း သိရ သည်။

ခရိုင်(ပြန်/ဆက်)

## လွိုင်ကော်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးဗဟိုမဏ္ဍပ်၌ ဧပြီ ၁၅ ရက် နံနက်ပိုင်းက မဟာသင်္ကြန်အကြတ်နေ့ ကျင်းပနေစဉ် KNPP အဖွဲ့၊ လွိုင်ကော် PDF နှင့် Falcon Wings အမည်ခံအကြမ်းဖက်အဖွဲ့များက Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုအပေါ် သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

**နေပြည်တော် ဧပြီ ၁၆**

ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး ဗဟိုမဏ္ဍပ်၌ ဧပြီ ၁၅ ရက် မဟာသင်္ကြန်အကြတ်နေ့ နံနက်ပိုင်းတွင် ကလေးသူငယ်များအပါအဝင် ပြည်သူများ ပျော်ရွှင်စွာရေကစားနေစဉ် KNPP အဖွဲ့၊ လွိုင်ကော် PDF နှင့် Falcon Wings အမည်ခံအကြမ်းဖက်အဖွဲ့များက Drop Bomb ဖြင့် ယုတ်မာရက်စက်စွာ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် မဟာသင်္ကြန်ပွဲတော်ကို ဆင်နွှဲနေသည့် အပြစ်မဲ့ပြည်သူ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၁၃ ဦး၊ စုစုပေါင်း ၂၈ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)တို့က လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ ပြည်နယ်အစိုးရအဖွဲ့ရုံးမဏ္ဍပ်တွင် ကလေးသူငယ်များ အပါအဝင် ပြည်သူများ ရေကစားနေစဉ် Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်ခဲ့သော PDF အဖွဲ့အစည်း၏ ရက်စက်ကြမ်းကြုတ်မှုလုပ်ရပ်ကို ကြားသိခဲ့ရပါသည်။

အပြစ်မဲ့ပြည်သူ အမျိုးသား (၁၅) ဦး၊ အမျိုးသမီး (၁၃) ဦး၊ စုစုပေါင်း (၂၈) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု သိရှိရပါသည်။ မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကို ထိန်းသိမ်းစောင့်ရှောက်ရမည့်အစား အပြစ်ကင်းစွာရေကစားနေကြသော ပြည်သူများအား Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သော အကြမ်းဖက်သမားများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၆ ရက်**

၁။ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကြတ်နေ့ဖြစ်သည့် ၁၅.၄.၂၀၂၃ ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး ဗဟိုမဏ္ဍပ်၌ ကလေးသူငယ်များ အပါအဝင် ပြည်သူများ ရေကစားနေစဉ် အကြမ်းဖက်သမားများက Drone တစ်စီးဖြင့် Drop Bomb တစ်လုံး ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၈ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သောနေရာများသို့ ရည်ရွယ်ချက်ရှိရှိဖြင့် ကလေးသူငယ်များနှင့် အပြစ်မဲ့ပြည်သူများ ရေကစားနေသည့်နေရာသို့ Drone တစ်စီးဖြင့် Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်ခြင်းအား မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် ဧပြီ ၁၆**

၁။ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အကြတ်နေ့ဖြစ်သည့် ၂၀၂၃ခုနှစ် ဧပြီလ(၁၅)ရက် နေ့ နံနက် ၉ နာရီ ၃၀ မိနစ်အချိန်ခန့်တွင် ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ မြို့နယ် အစိုးရအဖွဲ့ရုံး(ဗဟို) မဏ္ဍပ်၌ ကလေးငယ်များအပါအဝင် ပြည်သူများရေကစားနေစဉ် PDFအမည်ခံ အကြမ်းဖက်သမားများက Drone တစ်စီးဖြင့် Drop Bomb တစ်လုံး ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၁၃ဦး စုစုပေါင်း ၂၈ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ PDFအမည်ခံ အကြမ်းဖက်သမားများက စစ်ရေးနှင့် မသက်ဆိုင်သော နေရာများဖြစ်သည့် မဟာသင်္ကြန်ရေကစားမဏ္ဍပ်အား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်အား လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၆ ရက်**

၁။ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကြတ်နေ့ဖြစ်သည့် ၁၅.၄.၂၀၂၃ ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးဗဟိုမဏ္ဍပ်၌ ကလေးသူငယ်များ အပါအဝင် ပြည်သူများ ရေကစားနေစဉ် အကြမ်းဖက်သမားများက Drone တစ်စီးဖြင့် Drop Bomb တစ်လုံး ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူအမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၈ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သောနေရာများသို့ ရည်ရွယ်ချက်ရှိရှိဖြင့် ကလေးသူငယ်များနှင့် အပြစ်မဲ့ပြည်သူများ ရေကစားနေသည့်နေရာသို့ Drone တစ်စီးဖြင့် Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်ခြင်းအား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဇိုင်းတောင်ရပ်ကွက်နေ ထက်ထက်မိုး(ခ) ထက်ထက်သည် ၎င်းအသုံးပြုသည့် “Htet Htet Moe” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဘုရားလေးကွင်းရပ်ကွက်နေ အောင်သက်ထွန်း(ခ)ကိုသက်သည် ၎င်းအသုံးပြုသည့် “Aung Thet Htun” Facebook အကောင့်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် အမှတ်(၁)ရပ်ကွက်နေ စုစုလှိုင်သည် ၎င်းအသုံးပြုသည့် “July Su Su” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် လှိုင်းဘွဲ့မြို့နယ်နှင့် ဘားအံမြို့နယ်ရှိ ရေကစားမဏ္ဍပ်များ ကြည့်ရှုအားပေးပြီး အတူတကွအတာရေသဘင်ပွဲဆင်နွှဲ



**ဘားအံ ဧပြီ ၁၆**

မြန်မာ့ရိုးရာ မဟာအတာသင်္ကြန် အတက်နေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လှိုင်းဘွဲ့မြို့နယ်နှင့် ဘားအံမြို့နယ်အတွင်းရှိ ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ချစ်သူ ဒေသခံတိုင်းရင်းသားပြည်သူများ၏ အေးချမ်းပျော်ရွှင်စွာရေကစားနေမှုများကို ကြည့်ရှုအားပေးပြီး အတာရေသဘင်ပွဲကို အတူတကွပါဝင်ဆင်နွှဲသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန် ဗဟိုမဏ္ဍပ်သို့ ရောက်ရှိပြီး ယိမ်းအကလှပျိုဖြူများ၏ သီဆိုကပြဖျော်ဖြေမှုများ၊ တစ်ပင်တိုင်အကအလှများ၊ စင်တင်တေးဂီတများဖြင့် သီဆိုညှော့ခံဖျော်ဖြေမှုများအား ကြည့်ရှုအားပေးကာ အတာရေများပက်ဖျန်းပေး၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်းဘွဲ့တပ်နယ် မြန်မာ့ရိုးရာမဟာအတာသင်္ကြန်မဏ္ဍပ်နှင့် ဘားအံမြို့နယ် နောင်လုံကျေးရွာ ပိတောက်ဖူးငုံ ရွှေနောင်လုံ ရေကစားမဏ္ဍပ်သို့ သွားရောက်ပြီး သင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် ခွဲကပင်အနောက်ခြမ်း ဒုံရင်းတိုက်နယ် ပျော်ရွှင်ငြိမ်းချမ်း ဒုံရင်းပန်း ရေကစားမဏ္ဍပ်သို့ ရောက်ရှိပြီး သင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများအား ကြည့်ရှုအားပေးကာ သင်္ကြန်ရေများပက်ဖျန်း၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပပြုလုပ်သော မဟာအတာသင်္ကြန်ပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲအား ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ ဘားအံမြို့ ပဒုံမာလမ်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပလျက်ရှိရာ ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အထူးရိုးရာကြားပွဲများနှင့် နှစ်သိန်းရိုးရာအောင်လံ၊ သုံးသိန်းရိုးရာအောင်လံနှင့် လေးသိန်းရိုးရာအောင်လံ ဗိုလ်လုပွဲစဉ်များကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်၍ ရိုးရာအောင်လံ အနိုင်ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## နှစ်သစ်ဆုပန် အဓိဋ္ဌာန်

❊ နှစ်သစ်ကူး သည့်ချိန်ခါ
ဆွေသဟာ မာစေကြောင်း
ဆုတောင်းပန်ထွာ၊
လူသစ် စိတ်သစ်နှင့်
အားအင်သစ်ပြည့်ဝစွာ
ဘဝတာ ဆက်ဖြတ်သန်း။
မကောင်းမှုရှောင်ကြဉ်ပါမှ
အောင်မြင်စွာ စီးပွားတက်
စိတ်လက်အေးချမ်း ။

❊ နှစ်သစ်ကူး သည့်ချိန်ခါ
ပြည်မြန်မာ သာစေကြောင်း
ဆုတောင်း ပန်ထွာ ၊
အင်အားစုံ ပေါင်းစုရုံး
စည်းလုံးလို့ ညီညီညာ
ရန်ဘယာ ကင်းစင်ဝေး ။
ပြည်သူတွေစုပေါင်းအားနှင့်
နိုးကြားကာ ကိုယ်စီကြိုးမှ
တိုးတက်မည်လေး ။
ပြည်သူတွေစုပေါင်းအားနှင့်
နိုးကြားကာ ကိုယ်စီထမ်းမှ
ငြိမ်းချမ်းမည်လေး ။ ။

မောင်သင်းပျံ့(ကျိုက်ထော်)

# မဟာသင်္ကြန်အတက်နေ့ မြစ်ကြီးနားမြို့ပေါ်ရှိ ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များတွင် အေးချမ်းပျော်ရွှင်စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မြစ်ကြီးနား ဧပြီ ၁၅**

ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် (အတက်နေ့) ဧပြီ ၁၆ ရက်တွင် မြစ်ကြီးနားမြို့ရှိ ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်များနှင့် တပ်နယ်ရေကစားမဏ္ဍပ်များတွင် သင်္ကြန်ချစ်သူများဖြင့် ပျော်ရွှင်စည်ကားစွာ ကျင်းပနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကွင်းဆင်းစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်တို့သည် နယ်မြေခံတပ်နှင့် တပ်မတော်ဆေးရုံ (ခုတင်-၃၀၀) မြန်မာ့ရိုးရာမဟာသင်္ကြန် ရေကစားမဏ္ဍပ်များသို့သွားရောက်ပြီး တပ်နယ်မိသားစုယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး တပ်နယ်မိသားစုများနှင့်အတူ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဗဟိုမဏ္ဍပ်သို့သွားရောက်ပြီး ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်တို့တွင် ရေကစားသူများဖြင့် ပျော်ရွှင်စွာဆော့ကစားနေမှုများကို ကြည့်ရှုအားပေးပြီး ဗဟိုမဏ္ဍပ်၌ ယိမ်းအကအလှများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်မှုများကို အားပေးခဲ့ကြကာ ဆမားလမ်းမပေါ်ရှိ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၏ ရေကစားမဏ္ဍပ် ခြောက်ခု၌ ခေတ်ပေါ်တေးသီချင်းဂီတများဖြင့် ဖျော်ဖြေတင်ဆက်မှုကို လာရောက်လည်ပတ်ကြသည့် ဒေသခံပြည်သူများနှင့်အတူ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

**ပြည်နယ်(ပြန်/ဆက်)**



# မကွေးတိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်အတက်နေ့ ရေသဘင်မဏ္ဍပ်များတွင် ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာရေကစားသူများဖြင့် စည်ကား

**မကွေး ဧပြီ ၁၆**

မကွေးတိုင်းဒေသကြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မကွေးမြို့ ကမ်းနားလမ်းရှိ သင်္ကြန်မဏ္ဍပ်များတွင် အေးချမ်းပျော်ရွှင်စွာ ကျင်းပလျက်ရှိရာ မဟာသင်္ကြန်အတက်နေ့ ယနေ့နံနက် ၉ နာရီက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်နှင့် ဝန်ကြီးဌာနအလိုက် မဏ္ဍပ်များတွင် ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ရေကစားနေမှုကို ကြည့်ရှုအားပေးသည်။



ထိုသို့ ကြည့်ရှုအားပေးရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဌာနမိသားစု ရေသဘင်မဏ္ဍပ်သို့ ရောက်ရှိရာ ဌာနဆိုင်ရာအသီးသီးမှ သင်္ကြန်ယိမ်းပျိုဖြူလေးများက သင်္ကြန်တေးသီချင်းများဖြင့် ကပြဖျော်ဖြေခြင်း၊ အဆိုဝါသနာရှင်များက သင်္ကြန်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး ယိမ်းပျိုဖြူများနှင့် အဆိုဝါသနာရှင်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဌာနအသီးသီးအလိုက်ရေကစားမဏ္ဍပ်များသို့ရောက်ရှိပြီး ယိမ်းအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် ကပြဖျော်ဖြေခြင်းနှင့် အဆိုဝါသနာရှင်များက သင်္ကြန်တေး သီချင်းများဖြင့် သီဆိုညှော့ခံဖျော်ဖြေခဲ့ပြီး ယိမ်းအဖွဲ့များနှင့် အဆိုဝါသနာရှင်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုငွေများ ပေးအပ် ချီးမြှင့်သည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲကို မကွေးမြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်နှင့် ဝန်ကြီးဌာနမဏ္ဍပ်ငါးခု စုစုပေါင်း မဏ္ဍပ်ခြောက်ခုတွင် စည်ကားသိုက်မြိုက်စွာကျင်းပပြီး ဗဟိုမဏ္ဍပ်နှင့် ဝန်ကြီးဌာနအလိုက် ညှော့ခံဖျော်ဖြေရေး မဏ္ဍပ်များ၌ ယိမ်းအကအလှအဖွဲ့ ၂၅ ဖွဲ့က ယှဉ်ပြိုင်ကပြဖျော်ဖြေပြီး ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များသို့ လာရောက်ကြည့်ရှု အားပေးသည့် ပရိသတ်များ၊ ရေကစားလာ ပြည်သူများနှင့် ဖျော်ဖြေရေး ယိမ်းအဖွဲ့များအား သင်္ကြန်ဖြစ် မြောက်ရေးကော်မတီနှင့် အလှူရှင်များက နေ့စဉ် စတုဒိသာမုန့်များဖြင့် ညှော့ခံကျွေးမွေးကြကြောင်း သိရသည်။

**ကိုစည်သူ (မကွေး)**

# လွိုင်ကော်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးဗဟိုမဏ္ဍပ်၌ မေ ၁၅ ရက် နံနက်ပိုင်းက မဟာသင်္ကြန်အကြတ်နေ့ ကျင်းပနေစဉ် KNPP အဖွဲ့၊ လွိုင်ကော် PDF နှင့် Falcon Wings အမည်ခံအကြမ်းဖက်အဖွဲ့များက Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်ခဲ့ကြောင်း ဖော်ထုတ်ရရှိ

**နေပြည်တော် မေ ၁၆**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး ဗဟိုမဏ္ဍပ်၌ မေ ၁၅ ရက် မဟာသင်္ကြန်အကြတ်နေ့ နံနက်ပိုင်းတွင် ကလေးသူငယ်များ အပါအဝင် ပြည်သူများ ပျော်ရွှင်စွာ ရေကစားနေစဉ် အကြမ်းဖက်အဖွဲ့များက Drop Bomb ဖြင့် ယုတ်မာရက်စက်စွာ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် မဟာသင်္ကြန်ပွဲတော်ကို ဆင်နွှဲနေသည့် အပြစ်မဲ့ပြည်သူ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၈ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးမှုများနှင့် ဆက်စပ်သတင်းဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ KNPP အဖွဲ့ရင်း (၂)မှ ရင်းမှူးအဆင့်ရှိ အာလူးနှင့် ရုံးအဖွဲ့မှူးအဆင့်ရှိ ဖူးကီတို့မှ မေ ၁၃ ရက်တွင် လွိုင်ကော် PDF အမည်ခံ အကြမ်းဖက် အဖွဲ့ခေါင်းဆောင် ညီညီ နှင့် Falcon Wings အမည်ခံ အကြမ်းဖက် အဖွဲ့ခေါင်းဆောင် အောင်ကျော်မြတ် (ခေါ်) အောင်မြတ် တို့ကို Drone နှင့် Drop Bomb များ ပေးအပ်၍ ပြည်နယ်အစိုးရရုံး သင်္ကြန်မဏ္ဍပ်အား ပစ်ခတ်တိုက်ခိုက်ရန် တာဝန်ပေးစေခိုင်းခဲ့ကြောင်း စိစစ်ဖော်ထုတ်သိရှိရသည်။ Falcon Wings အကြမ်းဖက်အဖွဲ့သည် NUG အကြမ်းဖက်အဖွဲ့ လက်အောက်ခံ Federal Wings Drone အဖွဲ့၏ လက်အောက်တွင် အဓိကလှုပ်ရှားလျက်ရှိသော အကြမ်းဖက်အဖွဲ့ဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် NUG မှ တိုက်ရိုက် ထောက်ပံ့စေခိုင်းသည့် အဖွဲ့လည်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ KNPP အဖွဲ့၊ လွိုင်ကော် PDF နှင့် Falcon Wings အမည်ခံ အကြမ်းဖက် အဖွဲ့များအနေဖြင့် မြန်မာနိုင်ငံသားတို့၏ အထွတ်အမြတ်ထားရာ ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေမှုအား ယုတ်မာရိုင်းစိုင်းစွာဖြင့် ဖျက်ဆီးလိုသော ရည်ရွယ်ချက်အပြင် စစ်ရေးနှင့်မသက်ဆိုင်သည့် လူစည်ကားရာနေရာများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ ကလေးသူငယ်များနှင့် အပြစ်မဲ့ပြည်သူအများအပြား ထိခိုက်ဒဏ်ရာရရှိအောင် Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်ခြင်းတို့သည် ဂျီနီဗာကွန်ဗန်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းအကြမ်းဖက်အဖွဲ့များကို ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကယားပြည်နယ်အစိုးရအဖွဲ့ရုံး မြန်မာ့ရိုးရာ အတာသင်္ကြန်ဗဟိုမဏ္ဍပ် ဗုံးသီးကျရောက်ပေါက်ကွဲသည့် မှတ်တမ်းဓာတ်ပုံ။

ကယားပြည်နယ်အစိုးရအဖွဲ့ရုံးဗဟိုမဏ္ဍပ်သို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။



## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ဒုတိယအကျော့ မေ ၂၃ ရက် ကျင်းပမည်

**ရန်ကုန် မေ ၁၆**

MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ဒုတိယအကျော့ကို မေ ၂၃ ရက်တွင်စတင်ကျင်းပမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များမှာ မတ်လနောက်ဆုံးပတ်တွင် ပြီးဆုံးခဲ့ပြီး ရက်ပေါင်း ၂၀ ကျော်ကြာ ရပ်နားကာ ဒုတိယအကျော့ ပြန်လည်ကျင်းပခြင်းဖြစ်သည်။

ဒုတိယအကျော့ ပွဲစဉ်များကို မေ ၂၃ ရက်မှ မေ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ပြုလုပ်မည်ဖြစ်သည်။ ဒုတိယအကျော့အဖွင့်ရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၀) တွင် နာမည်ကြီးနှစ်သင်းဖြစ်သည့် လက်ရှိချန်ပီယံ MIU အသင်းနှင့် VUC အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသည်။ ပထမအကျော့တွေ့ဆုံမှုတွင် အရှုံးအနိုင် မပေါ်သဖြင့် ဒုတိယအကျော့ပွဲစဉ်မှာ စိတ်ဝင်စားဖွယ် ကောင်းနေသည်။ ပွဲစဉ် (၁၀) အဖြစ် MIU အသင်းနှင့် VUC အသင်း၊ Generations အသင်းနှင့် MFF ယူ-၁၈ အသင်း၊ Futsal-19 အသင်းနှင့် Winner Soccer အသင်း၊ AKG အသင်းနှင့် Dream Team အသင်း၊ ဖူဆယ်ချစ်သူအသင်းနှင့် AMM Brothers အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များအပြီးတွင် VUC အသင်းနှင့် MIU အသင်းတို့ ရမှတ် ၂၅ မှတ်စီ တူညီနေသည့်အပြင် ပထမအကျော့ တွေ့ဆုံမှုတွင်သရေကျထားသဖြင့် ဂိုးကွာခြားချက် အသာရထားသည့် VUC အသင်းက ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်ကာ MIU အသင်းက ဒုတိယနေရာတွင် ရပ်တည်နေသည်။ ယင်းအသင်းများနောက်တွင် Generations အသင်းက ရမှတ် ၁၆ မှတ်၊ Dream Team အသင်းက ရမှတ် ၁၄ မှတ်၊ MFF ယူ-၁၈ အသင်း၊ ဖူဆယ်ချစ်သူအသင်းနှင့် Winner Soccer အသင်းတို့က ရမှတ် ၁၃ မှတ်စီ၊ AKG အသင်းက ကိုးမှတ်၊ AMM Brothers အသင်းက ရမှတ် သုံးမှတ်ရရှိထားကာ Futsal-19 အသင်းက ပွဲတိုင်းရှုံးပြီး အမှတ်မရသေးပေ။

**ရဲရင့်လွင်**

## ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း)၏ (၁၁၄) နှစ်မြောက် နှစ်ပတ်လည် ဂေါက်ရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၁၆**

ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း)၏ (၁၁၄) နှစ်မြောက် နှစ်ပတ်လည် အသင်းသူ/အသင်းသားများ၏ ဂေါက်သီးရိုက်ပြိုင်ပွဲအား မေ ၂၂ရက်မှ ၂၃ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲများအဖြစ် ရွှေအဆင့် (H' Cap 0-9) ပြိုင်ပွဲ၊ ငွေအဆင့် (H' Cap 10-16)ပြိုင်ပွဲ၊ ကြေးအဆင့် (H' Cap 17-24) ပြိုင်ပွဲ၊ သက်ကြီးတန်းပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် Professional အဆင့် (အသင်းသား) များပြိုင်ပွဲတို့ ကျင်းပသွားမည်ဖြစ်သည်။ သက်ကြီးတန်း၊ အမျိုးသမီးနှင့် ကြေးအဆင့်ပြိုင်ပွဲများကို မေ ၂၂ ရက် နံနက် ၆ နာရီခွဲမှ ၁၀ နာရီခွဲအထိ ကျင်းပမည်ဖြစ်ပြီး Professional အဆင့်(အသင်းသား) များပြိုင်ပွဲ၊ ရွှေအဆင့်နှင့် ငွေအဆင့်ပြိုင်ပွဲများကို မေ ၂၃ ရက် နံနက် ၆နာရီခွဲမှ ၁၀နာရီခွဲအထိကျင်းပမည်ဖြစ်ကာ အထူးပြိုင်ပွဲငယ်များကို မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် အသင်းကပ္ပတိန်အသစ်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များတာဝန်ယူခြင်း အထိမ်းအမှတ် အဝေးရိုက်ချက် (New Captain drive-in ) ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲများ၏ ဆုပေးပွဲနှင့် နှစ်ပတ်လည် ဂုဏ်ပြုညစာစားပွဲကို မေ ၂၃ရက် ညနေ ၄နာရီခွဲမှ ၆ နာရီအထိ ကျင်းပမည်ဖြစ်သည်။

(၁၁၄) နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဂေါက်ရိုက်ပြိုင်ပွဲများအပြင် ပျော်ပွဲရွှင်ပွဲများ၊ ဗလာမပါကံစမ်းမဲ အစီအစဉ်များလည်း ထည့်သွင်းပြုလုပ်မည်ဖြစ်သည်။

**ရဲရင့်လွင်**


## အာရှသက်ငယ်တန်း စားပွဲတင်တင်းနစ်ပြိုင်ပွဲအတွက် လူရွေးပွဲကျင်းပမည်

**ရန်ကုန် မေ ၁၆**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ အာရှသက်ငယ်တန်း စားပွဲတင်တင်းနစ်ပြိုင်ပွဲကို၂၀၂၃ ခုနှစ် ဩဂုတ် ၂၃ ရက်မှ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် မေ ၂၂ ရက်မှ ၂၃ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ရုံး၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ကိုယ်စားပြု လူငယ်ပဏာမလက်ရွေးစင် အားကစားသမားအမျိုးသားသုံးဦး၊ အမျိုးသမီးသုံးဦးရွေးချယ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်လိုသူများသည် မေ ၁၉ ရက် နောက်ဆုံးထား၍ ဖုန်း ၀၉-၆၉၅၅၅၀၀၀၄ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**အာကာစိုး**



## ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း ဝက်စ်ဟမ်းကို သရေကျခဲ့သည့် အာဆင်နယ်

ပရီမီယာလိဂ် ပွဲစဉ် (၃၁) မှ ဝက်စ်ဟမ်းနှင့် အာဆင်နယ် အသင်းတို့ ပွဲစဉ်ကို မေ ၁၆ ရက် ည ၇ နာရီခွဲက ယှဉ်ပြိုင်ကစားရာ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲအပြီးတွင် တစ်ဖက် နှစ်ဂိုးစီဖြင့် အဆုံးသတ်ခဲ့သည်။

အာဆင်နယ် အသင်းသည် အမှတ်ပေးဇယားကို ပြတ်သားသောရလဒ်ဖြင့် ဦးဆောင်ခွင့်ရရေး ကြိုးစားလာခဲ့သော်လည်း အသင်းကစားသမားများ အဆုံးသတ်အားနည်းမှု၊ ပြိုင်ဘက်ခံစစ်ဟန့်တားပုံကောင်းမွန်မှု၊ ဂိုးသမားဖေဘီယန်စကီး လက်စွမ်းပြကာကွယ်ထားနိုင်မှု၊ ရရှိခဲ့သော ပယ်နယ်တီကို ဆာကာ ဂိုးအဖြစ် မပြောင်းလဲနိုင်မှုတို့ကြောင့် သရေကျခဲ့ခြင်းဖြစ်သည်။

ယခုပွဲ သရေ ကျမှုကြောင့် အာဆင်နယ်အသင်းက ဒုတိယနေရာမှ မန်စီးတီးအသင်းထက် တစ်ပွဲပိုကစားထားပြီး လေးမှတ်အသာဖြင့် အမှတ်ပေးဇယားကို ဆက်လက် ဦးဆောင်နိုင်ခဲ့ကာ ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းက တန်းဆင်းဇုန် အသင်းများနှင့် ပွဲအရေအတွက်တူ ရမှတ် လေးမှတ် အသာဖြင့် အဆင့် (၁၅) တွင် ရပ်တည်နိုင်ခဲ့သည်။

ဦးဆောင်ဂိုးများကို အာဆင်နယ်အသင်းက ပွဲချိန် ၇ မိနစ်နှင့် ၁၀ မိနစ်တွင် ဂျီးဆပ်စ်နှင့် အိုဒီဂတ်တို့က သွင်းယူနိုင်ခဲ့သော်လည်း ဝက်စ်ဟမ်းအသင်းက ပွဲချိန် ၃၃ မိနစ်နှင့် ၅၄ မိနစ်တို့တွင် ချေပဂိုးများ ပြန်လည်သွင်းယူနိုင်ခဲ့သည်။ အာဆင်နယ်အသင်း၏ လက်ကျန် ပွဲစဉ်များတွင် တန်းဆင်းဇုန်မှ ဆောက်သမ်တန်၊ မန်စီးတီး၊ ချယ်ဆီး၊ နယူးကာဆယ် အသင်းတို့နှင့် ကျန်ရှိနေသေးသည့်အတွက် အမှတ်ပေးဖလားဆွတ်ခူးရေး ရုန်းကန်ရဦးမည်ဖြစ်သည်။

နော်တင်ဟမ် ဖောရက်စ် အသင်းနှင့် မန်ချက်စတာ ယူနိုက်တက်အသင်းတို့ပွဲတွင် မန်ယူ အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

**အောင်ဇော်**


# အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့် ရရှိနိုင်ရေးအတွက် ခရိုင် ၅၀၏ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည် ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာ အထက်တန်းဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄) မွေးမြူရေးအတတ်ပညာ စသည့် ပညာရေးလမ်းသွယ် (၄)မျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။




## (၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်း ပြည့်မီပါက အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေး တက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

## (၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုး ဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်း အစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄) နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့ လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာ နည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့ လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာ နည်းပညာ ဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။

## (၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit) ဖြင့်အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေး သိပ္ပံဘွဲ့ (Bachelor of Agricultural Science) (၅)နှစ် သင်တန်းကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေး ဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃)နှစ် သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ် သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာ ကောလိပ်၏တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏တတိယနှစ်(ပထမနှစ်ဝက်) သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

## (၄) မွေးမြူရေး အတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေး အတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင် အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့်အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန် ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ် သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ် သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေး ဒီပလိုမာ (Diploma in Animal Husbandry) (၃)နှစ် သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ် သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံ ဒီပလိုမာသင်တန်းတွင် ထူးချွန်စွာ အောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့် သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**၂၀၂၃-၂၀၂၄ ပညာသင်နှစ် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | မိုးညှင်း | မိုးညှင်းမြို့ | မိုးညှင်း | အထက(၂)မိုးညှင်း |
| | | ၂ | မြစ်ကြီးနား | မြစ်ကြီးနား | ဝိုင်းမော် | အထက(၁)ဝိုင်းမော် |
| | | ၃ | ဗန်းမော် | ဗန်းမော်မြို့ | ဗန်းမော် | အထက(၁)ဗန်းမော် |
| ၂ | ကယား | ၄ | လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် | အထက-ချိကယ် |
| ၃ | ကရင် | ၅ | ဘားအံ | ဘားအံ | ဘားအံ | အထက-ဒုံရင်း |
| | | ၆ | ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် | အထက(၂) ကော့ကရိတ် |

စာမျက်နှာ ၂၈ သို့

စာမျက်နှာ ၂၇ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၄ | ချင်း | ၇ | ပလက်ဝ | ပလက်ဝ | ပလက်ဝ | အထက(၁) ပလက်ဝ |
| | | ၈ | ဟားခါး | ဟားခါး | ဟားခါး | အထက(၂)ဟားခါး |
| ၅ | စစ်ကိုင်း | ၉ | မုံရွာ | မုံရွာ | မုံရွာ | အထက(၂)အလုံ |
| | | ၁၀ | ရွှေဘို | ရွှေဘို | ရွှေဘို | အထက(၁)ရွှေဘို |
| | | ၁၁ | စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း | အထက- အုန်းတော |
| ၆ | တနင်္သာရီ | ၁၂ | မြိတ် | မြိတ် | မြိတ် | အထက-သမုတ် |
| | | ၁၃ | ထားဝယ် | ထားဝယ် | ထားဝယ် | အထက(၄) ထားဝယ် |
| ၇ | ပဲခူးတိုင်း | ၁၄ | ပဲခူး | ပဲခူး | ကဝ | အထက-အုန်းနဲ့ |
| | | ၁၅ | သာယာဝတီ | သာယာဝတီ | အုတ်ဖို | အထက- အေးမြသာယာ |
| | | ၁၆ | တောင်ငူ | တောင်ငူ | အုတ်တွင်း | အထက- ညောင်ခြေထောက် |
| | | ၁၇ | ပြည် | ပြည် | ရွှေတောင် | အထက-ရွှေတောင် |
| ၈ | မကွေး | ၁၈ | မင်းဘူး | မင်းဘူး | မင်းဘူး | အထက-စကု |
| | | ၁၉ | မကွေး | မကွေး | မြို့သစ် | အထက- မြေပြင်သာ |
| | | ၂၀ | အောင်လံ | အောင်လံ | အောင်လံ | အထက-ပြလို့ |
| | | ၂၁ | သရက် | သရက် | သရက် | အထက-သရက် |
| ၉ | မန္တလေး | ၂၂ | ရမည်းသင်း | ရမည်းသင်း | ပျော်ဘွယ် | အထက(၁) ပျော်ဘွယ် |
| | | ၂၃ | မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ | အထက(၆) မိတ္ထီလာ |
| | | ၂၄ | ညောင်ဦး | ညောင်ဦး | ညောင်ဦး | အထက- လက်ပံပြား |
| | | ၂၅ | ကျောက်ဆည် | ကျောက်ဆည် | မြစ်သား | အထက-မြစ်သား |
| | | ၂၆ | သပိတ်ကျင်း | သပိတ်ကျင်း | စဉ့်ကူး | အထက-ရွှေပြည် |
| ၁၀ | မွန် | ၂၇ | ရေး | ရေး | ရေး | အထက-ဟံဂံ |
| | | ၂၈ | သထုံ | သထုံ | သထုံ | အထက(၁)သထုံ |
| ၁၁ | ရခိုင် | ၂၉ | စစ်တွေ | စစ်တွေ | စစ်တွေ | အထက(၁)စစ်တွေ |
| | | ၃၀ | သံတွဲ | သံတွဲ | သံတွဲ | အထက(၂)သံတွဲ |
| | | ၃၁ | အမ်း | အမ်း | အမ်း | အထက(၁)အမ်း |
| ၁၂ | ရန်ကုန် | ၃၂ | ဒဂုံမြို့သစ် | ဒဂုံမြို့သစ်(တ) | ဒဂုံမြို့သစ်(တ) | အထက-စိုက်မွေး |
| | | ၃၃ | တွံတေး | တွံတေး | တွံတေး | အထက- သဝန်းတော |
| | | ၃၄ | မှော်ဘီ | မှော်ဘီ | မှော်ဘီ | အထက- ညောင်နှစ်ပင် |
| | | ၃၅ | လှည်းကူး | လှည်းကူး | လှည်းကူး | အထက- ငါးဆူတောင် |
| ၁၃ | ရှမ်း (တောင်) | ၃၆ | တောင်ကြီး | တောင်ကြီး | တောင်ကြီး | အထက(၁) အေးသာယာ |
| ၁၄ | ရှမ်း (မြောက်) | ၃၇ | ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ | အထက(၃) ကျောက်မဲ |
| | | ၃၈ | လားရှိုး | လားရှိုး | လားရှိုး | အထက(၁)လားရှိုး |
| ၁၅ | ရှမ်း (အရှေ့) | ၃၉ | ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ | အထက-ဝမ်အွယ် |
| ၁၆ | ဧရာဝတီ | ၄၀ | ဖျာပုံ | ဖျာပုံ | ဒေးဒရဲ | အထက(၁)ဒေးဒရဲ |
| | | ၄၁ | မအူပင် | မအူပင် | ညောင်တုန်း | အထက-စက္ကော့ |
| | | ၄၂ | ပုသိမ် | ပုသိမ် | ကန်ကြီးထောင့် | အထက- ကန်ကြီးထောင့် |
| | | ၄၃ | မြန်အောင် | မြန်အောင် | ကြံခင်း | အထက- ချင်းမြောင် |
| ၁၇ | နေပြည်တော် | ၄၄ | ဇေယျာသီရိ | ပုဗ္ဗသီရိ | ပုဗ္ဗသီရိ | အထက(၂၀) ပုဗ္ဗသီရိ |
| | | ၄၅ | ပျဉ်းမနား | ပျဉ်းမနား | ပျဉ်းမနား | အထက(၁) ပျဉ်းမနား |
| ၁၈ | ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၆ | ပအိုဝ်း | ဟိုပုံး | ဟိုပုံး | အထက(ခွဲ) ပေါင်လင်း |
| ၁၉ | ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၇ | ပလောင် | မန်တုံ | မန်တုံ | အထက-မန်တုံ |
| ၂၀ | ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၈ | ကိုးကန့် | လောက်ကိုင် | လောက်ကိုင် | အထက(၂) လောက်ကိုင် |
| ၂၁ | ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၉ | ဓနု | ပင်းတယ | ပင်းတယ | အထက-ကျုံး |
| ၂၂ | နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၅၀ | နာဂ | လဟယ် | နန်းယွန်း | အထက-နန်းယွန်း |
| | | ၅၁ | နာဂ | လဟယ် | လဟယ် | အထက-လဟယ် |

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့၌ ရေကစားနေသည့် ပြည်သူများ။
မြို့နယ် (ပြန်/ဆက်)





ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ ရပ်ကွက်တစ်ခုအတွင်း ရေကစားနေသော ကလေးငယ်များ။
မြို့နယ်(ပြန်/ဆက်)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈× ၂၄× ၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၀ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ကြည့်မြင်တိုင်မြို့နယ်အခြေစိုက် ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၃၈)မြို့နယ်မှ ပရိယတ္တိစာချစာသင် သုတဗုဒ္ဓသံဃာတော်အရှင်သူမြတ်တို့အား နေ့စဉ်အရဏ်ဆွမ်းအတွက် တစ်နှစ်လျှင်သုံးကြိမ် ဆွမ်းဆန်တော်များလှူဒါန်းလျက်ရှိခြင်း၊ အထက်ပါ စာသင်တိုက်များရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဂုဏ်ပြုပူဇော်လှူဒါန်းခြင်း၊ စာမေးပွဲအသီးသီးအောင် အရှင်သူမြတ်တို့အားလည်း လှူဒါန်းပူဇော်ခြင်း၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ အစီအမံဖြင့် ကျင်းပပြုလုပ်သော လှူဒါန်းမှုကိစ္စအဝဝတွင် ပါဝင်ကုသိုလ်ပြုလှူဒါန်းခြင်းနှင့် အခြားထည့်ဝင်လှူဒါန်းမှုများကိုလည်းဆောင်ရွက်ခဲ့သည်မှာ ၉၇ နှစ်တိုင်ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

ထို့ပြင် ရန်ကုန်ဆန်လှူအသင်းကြီး ပိဋကစာကြည့်တိုက်နှင့် သာသနာတော်ပြန့်ပွားရေးအတွက် ဘာသာရေးဆိုင်ရာ သင်တန်းများကိုလည်း အသက်ရှုလမ်းကြောင်းဆိုင်ရာ COVID – 19 ကပ်ရောဂါများ ကင်းစင်ပျောက်ကွယ်သွားပြီးဟု သံသယရှင်းသည့်အချိန်တွင် ယခင်ဖွင့်နေကျသင်တန်းများကို အခမဲ့ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

ဤကဲ့သို့ နှစ်စဉ်အစဉ်အလာမပျက် လှူဒါန်းပူဇော်နိုင်ခြင်း၊ ဘာသာရေးဆိုင်ရာ သင်တန်းများဖွင့်လှစ်နိုင်ခြင်းသည် အနယ်နယ်အရပ်ရပ်မှ အကျိုးဆောင်များ၏ ကူညီဆောင်ရွက်လှူဒါန်းပေးမှုနှင့်အတူ စေတနာသဒ္ဓါထက်သန်စွာဖြင့် အာစိဏ္ဏကံစုဘူးများရယူစုဆောင်းလှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ၏ ကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နှစ်သစ်အခါသမယတွင် ရန်ကုန်ဆန်လှူအသင်းကြီးသို့ ထည့်ဝင်လှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော အမှုဆောင်၊ အကျိုးဆောင်၊ အသင်းသား၊ ဝန်ထမ်းများမှအစပြု၍ မြန်မာပြည်သူပြည်သားများ၊ ကမ္ဘာ့သူကမ္ဘာ့သားများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၊ COVID–19 ကပ်ရောဂါမှ လုံးဝ(လုံးဝ) ကင်းဝေးကြလျက် ဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပြီး စီးပွားလာဘ်လာဘများ တိုးပွားကြစေကြောင်း နှစ်သစ်မင်္ဂလာဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး**

## ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာမှ နှစ်သစ်ဦးဆုမွန်ကောင်းတောင်းလွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၂-ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ အမှတ် (၇၆၉/၇၇၁) တွင်တည်ရှိသည့် ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာသည် အသက်(၇၀)နှစ်နှင့် အထက် ခိုကိုးရာမဲ့ ဂိလာနဘိုးဘွားတို့၏ ကျန်းမာရေးကိုပြုစုစောင့်ရှောက်ပေးသည်မှာ ၅-၄-၂၀၂၃ ရက်တွင် (၁၃)နှစ်ပြည့်မြောက်ခဲ့ပါသည်။ (၁၃)နှစ်တာကာလအတွင်း အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးလှူဒါန်းပေးကြသော အလှူရှင်များ၊ အဆောက်အအုံ၊ ဆေးဝါး၊ အာဟာရ၊ အထွေထွေ၊ ပဒေသာပင်များ စိုက်ထူပေးသည့်အလှူရှင်များ၊ လုပ်အားဒါနပေးလှူပေးကြသည့် လူငယ်ပရဟိတအသင်းများ၊ ကျန်းမာရေးကိုစောင့်ရှောက်ပေးပါသော အထူးကုဆရာဝန်ကြီးများ၊ ဘိုးဘွားများ၏ နောက်ဆုံးခရီးတွင် ပို့ဆောင်ပေးသော နာရေးကူညီမှုအသင်းကြီးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ယခုကဲ့သို့ လှူဒါန်းခဲ့သည့် ကုသိုလ်တို့ကြောင့် စိတ်ချမ်းသာကိုယ်ကျန်းမာလိုရာဆန္ဒပြည့်စုံပါစေကြောင်း ဆည်းဆာရိပ်မိသားစုမှ နှစ်သစ်မင်္ဂလာဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာမှ**
**ဘိုးဘွားများ၊ အလုပ်အမှုဆောင်အဖွဲ့နှင့်ဝန်ထမ်းများ**

## နှစ်သစ်ကူး မင်္ဂလာဆုမွန်လွှာ

၁၃၈၅ ခုနှစ်တွင် ကျရောက်သော မြန်မာတို့၏ နှစ်သစ်မင်္ဂလာအခါသမယတွင် မင်းကွန်းတိပိဋက နိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့သို့ စေတနာထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြသော အလှူရှင်များအားလုံး ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မင်းကွန်းတိပိဋက၊ နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့**

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)

**အမှတ် ၃၈၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၄၁၇၉၅၊ ၀၉-၆၈၃၈၁၇၉၇၀**

### အလှူရှင်များသို့ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ သဒ္ဓါ၊ စေတနာ၊ မေတ္တာတို့ဖြင့် ငွေအလှူ၊ ပစ္စည်းအလှူ၊ လုပ်အားဒါနအလှူ၊ စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းခဲ့ကြသော ပြည်တွင်းပြည်ပအလှူရှင်များနှင့် စေတနာဆရာဝန်ကြီးများအားလုံးတို့ ၁၃၈၅ ခုနှစ်၊ နှစ်သစ်မင်္ဂလာအခါသမယတွင် အန္တရာယ်အပေါင်းမှ ကင်းငြိမ်း၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဆေးရုံအုပ်ချုပ်ရေးအဖွဲ့**

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့

## နှစ်သစ်ကူးမင်္ဂလာဆုမွန်လွှာ

၁၃၈၅ ခုနှစ်တွင် ကျရောက်သော မြန်မာတို့၏နှစ်သစ်မင်္ဂလာအခါသမယတွင် မြန်မာပြည်သူပြည်သားအပေါင်းနှင့်တကွ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် မျှဝေလှူဒါန်းကြသော အလှူရှင်များ၊ ကင်ဆာဝေဒနာရှင်များအား မေတ္တာဖြင့် ပြုစုစောင့်ရှောက်ပေးကြသော ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ ဝန်ထမ်းများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မြန်မာနိုင်ငံသူ/နိုင်ငံသားများနှင့်တကွ ကမ္ဘာ့သူ/ကမ္ဘာ့သားအားလုံး COVID–19 ကပ်ရောဂါဘေးမှ ကင်းလွတ်ပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်လူကြီးများ**
**ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း**
**ရန်ကုန်၊ မန္တလေး**

**ရန်ကုန်မြို့၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(L-17/၆၀)၊အဝေရာလမ်း၊မြေကွက်အမှတ်(၂၁၆၉)ရှိ မြေယာ(၅၀'×၆၀')ရှိသောဦးဇော်ထွန်း(၁၂/သဃက(နိုင်)၀၉၁၆၁၉)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း**

အထက်ပါမြေကွက်နှင့်နေအိမ်ကို နှစ်(၆၀)မြေငှားဂရန်တွင်အမည်ပေါက်သူ ဦးဇော်ထွန်း ထံမှအရောင်းအဝယ်ကတိစာချုပ်နှင့် အထူးကိုယ်စားလှယ်လွှဲစာတို့အရ ဝယ်ယူပိုင်ဆိုင်ထားသူ-ဒေါ်သင်းမြမြဌေး(၁၂/ဒဂတ(နိုင်)၀၁၄၁၈၈)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်းတိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းအများသိစေရန်ကြေညာပါသည်။(လွှဲအပ်ညွှန်ကြားချက်များအရ)

| | |
|---|---|
| **ဦးသန့်ဇင် (LL-B)** | **ဒေါ်ဟာန်နွေနိုင်(LL-B)** |
| အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်–၂၃၅၄၄) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## (၁၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

## (ကြည်း-၇၆၃၁) ဒုတိယဗိုလ်မှူးကြီး သိန်းအောင်(ငြိမ်း)

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ၁၇-၄-၂၀၂၃ရက်တွင် (၁၃)နှစ် ပြည့်ပြီဖြစ်သော်လည်း မိသားစုအားလုံးက ဖခင်ကြီး၏ကျေးဇူးတရားများကို သတိရ အောက်မေ့ဆဲပါ။ ဖခင်ကြီးအတွက် ရည်စူး၍ ပြုလုပ်သော ကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးဝေပါသည်။ ဖခင်ကြီး ရောက်ရာ အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ မြင်နိုင်ကြားနိုင် သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး ဒေါ်လှမြိုင် နှင့်**
**သား သမီး မြေး မြစ်များ**

## ခရစ်တော်၌အိပ်ပျော်ခြင်း

## သာသနာပိုင် ကင်နွန်ဂျိုးဇက်သန်းဖေ

## (အနားယူ ရန်ကုန်သာသနာပိုင်)

## အသက်(၈၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးအေးသော-ဒေါ်အေးဝ)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဒေါနလမ်း၊ အမှတ်(၇)နေ (စာရာဒေါ်လေးကြိုင်)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးခင်မောင်-ဒေါ်တင်ညွန့်)၊ (ဦးမောင်တင်-ဒေါ်မြခင်)၊ (ဦးတင်မောင်-ဒေါ်ရင်)၊ (ဦးကျော်မြင့်-ဒေါ်တင်ရီ)၊ (ဒေါ်တင်ကြည်)၊ (ဦးသန်းထွန်း-ဒေါ်မာလာ)၊ (ဦးသိန်းထွန်း)-ဒေါ်မြရှင်တို့၏အစ်ကို/ညီ၊ မာဂရက်မြင့်မြင့်သန်း၊ ခရစ္စတိုဖာကျော်မြင့်သန်း၊ ဦးပြုံးမြင့်-ဟေလ်ဒါမြမြသန်း၊ ဖရန်စစ်ကျော်မြသန်း၊ ဘုန်းတော်ကြီး ကင်နွန်ဝင်စတန်အောင်မျိုးထွန်း - အယ်နီအေးအေးသန်း၊ မိုက်ကယ်တင်အောင်သန်း၊ စတီဗင်တင်မောင်သန်း-အင်ဂျလာတင်တင်၊ (ဦးသူရ-စီစီလျာနီနီသန်း)၊ (ဦးဝဏ္ဏထွန်း) - အဲလစ်ဇဘက်ကြည်ကြည်သန်းတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးရှစ်ယောက်တို့၏ဘိုးဘိုးကြီး သာသနာပိုင် ကင်နွန်ဂျိုးဇက်သန်းဖေသည် ၁၅-၄-၂၀၂၃ရက်(စနေနေ့) ည ၉:၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၄-၂၀၂၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး သန်လျင်မြို့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံအမိုးနီဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

သာသနာပိုင်ကြီးအတွက် အောက်မေ့ဘွယ်ဆုတောင်းဝတ်ပြုခြင်းကို ၂၂-၄-၂၀၂၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၂)၊ ဗိုလ်မှူးဗထူးလမ်း၊ မြေကွက်အမှတ်(၁၄၇၉)၊ ပေ(၄၀x၆၀)အကျယ်အဝန်း (၂၄၀၀)စတုရန်းပေ၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဒေါ်သန်းအေး ၁၂/ဥကမ(နိုင်)၀၁၄၈၀၂ ကိုယ်တိုင်မှ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်း၍ ၎င်းတစ်ဦးတည်း တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငွေငွေဝင်း LL.B, D.I.L, W.I.P.O (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ်-၂၇၊ နိဗ္ဗာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉ -၅၀၃၇၅၅၈၊ ၀၉- ၇၈၅၀၃၇၅၅၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ ဘုရင့်နောင်လမ်း မြေကွက်အမှတ်(၄၁၄)၊ ပေ(၄၀x၆၀)အကျယ်အဝန်း၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးအောင်သိန်း ၁၂/ဗတထ(နိုင်)၀၂၃၈၄၃ ကိုယ်တိုင်မှ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အပေါင်အနှံ အရှုပ်အရှင်း ကင်းရှင်း၍ ၎င်းတစ်ဦးတည်း တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း (မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငွေငွေဝင်း LL.B, D.I.L, W.I.P.O (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ် -၂၇၊ နိဗ္ဗာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း -၀၉- ၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၆/၂)၊ ရတနာလမ်း၊ မြေကွက်အမှတ်(၂၂/က)၊ ပေ(၂၀x၆၀)အကျယ်အဝန်း၊ (၁၂၀၀)စတုရန်းပေ၊ ဧရိယာ ၀ ဒသမ ၀၂၇၅ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်(၂)ဦးဖြစ်သည့် ဒေါ်လွင်သီတာ ၁၂/သဃက (နိုင်)၀၂၁၇၀၀ နှင့် ဒေါ်လွင်စန္ဒာ ၁၂/သဃက(နိုင်)၀၂၁၆၆၆ တို့ထံမှ အရပ်ကတိ စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးနေမျိုးထွန်း ၉/ခအဇ(နိုင်)၀၀၄၅၆၈က ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အပေါင်အနှံအရှုပ်အရှင်း ကင်းရှင်း၍ ၎င်းတစ်ဦးတည်း တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ စ၍(၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငွေငွေဝင်း LL.B, D.I.L, W.I.P.O (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ် -၂၇၊ နိဗ္ဗာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉ -၅၀၃၇၅၅၈၊ ၀၉ -၇၈၅၀၃၇၅၅၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/8160, TOYOTA WISH ANE10,STATION WAGON (4x2)R ယာဉ်လက်ဝယ် ရှိသူ ဦးအောင်မြတ်သန်း ၉/မနမ (နိုင်) ၀၀၇၆၆၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

**သွေးသည် အသက်**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဆဋ္ဌသင်္ဂါယနာတင် ဆဋ္ဌသင်္ဂီတိဘာဏက ဆဋ္ဌသင်္ဂီတိကာရက

## အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

## မန္တလေးတိုင်းသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃသမ္မုတိရ

## သာသနာဓဇသိရီပဝရဓမ္မာစရိယ

## ဘဒ္ဒန္တသုမန

## သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၃)ဝါ

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ထန်းပင်ရွာနေ ခမည်းတော်(ဦးဆိတ်)-မယ်တော်(ဒေါ်ညွန့်)တို့၏သား၊ ထန်းပင်တိုက်ကျောင်း၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုမန သက်တော် (၉၄)နှစ်၊ သိက္ခာတော်(၇၃)ဝါ သည် (၁၃၈၄ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ရက်) ၁၆-၄-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၃:၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၅ ခုနှစ် ကဆုန်လဆန်း ၂ရက်) ၂၀-၄-၂၀၂၃ရက် (ကြာသပတေးနေ့) တွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠန အခမ်းအနားကို ကျင်းပမည်ဖြစ်ပါကြောင်း ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါ သည်။

**ဆရာတော်၏ တပည့်သံဃာနှင့် ဒါယကာ၊ ဒါယိကာမများ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊မှော်ဘီမြို့နယ်၊ အမှတ်(၄) တိုးချဲ့ရပ်ကွက်ရှိ အိမ်မြေကွက်အမှတ်(ယ-၂၀) အလျား(၄၀ x ၆၀)မြေကွက်အား ဦးအောင်ဝင်း ၁၁/စတန(နိုင်)၀၀၃၇၀၆မှ မိမိ အမှန်တကယ်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေကြီးဖြစ်သူ ဦးဗိုလ်ကြည်ဟန်မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအခိုင်အလုံဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇင်ဦး (အထက်တန်းရှေ့နေ)(စဉ်-၅၂၂၈၈)**
**LL.B,PGDL, C.B.L**
**အမှတ် ၃၀၁၊မှန်ခန်း၊ ၆၁လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-၀၉-၈၉၅၆၃၃၆၂၆၊ ၀၉-၇၅၇၀၁၇၂၈၉**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ

## ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့် သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာခတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန် အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင် လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင် အောက်ဆီဂျင် မြင့်တက် စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါး ကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်း ရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ် နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ် လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## လူမှုဝန်ထမ်းဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်နှင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့တို့တွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်း (၄)ခုအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန်ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| Lot 1 | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း | ၆၀'x၃၀'x၂၄'(၂)ထပ် RC ဆောက်လုပ်ခြင်း |
| Lot.2 | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းအဟောင်း | ၇၀'x၃၀'x၂၄'(၂)ထပ် RC အကြီးစားပြင်ဆင်ခြင်း |
| Lot.3 | မန္တလေးတိုင်းဒေသကြီး၊ပုသိမ်ကြီး လူငယ်သင်တန်းကျောင်း | ၁၂၅'x၃၀'x၁၂'(၁)ထပ် RC ဆောက်လုပ်ခြင်း |
| Lot.4 | မွန်ပြည်နယ်၊မော်လမြိုင် လူငယ်သင်တန်းကျောင်း | ၁၂၅'x၃၀'x၁၂'(၁)ထပ် RC ဆောက်လုပ်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပါမည်-

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့် ရက်၊ အချိန်** | - ၁၈-၄-၂၀၂၃ ရက်မှ ၂၈-၄-၂၀၂၃ ရက်အထိ (ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါတင်သွင်းရမည့် ရက်၊ အချိန်** | - ၂၅-၄-၂၀၂၃ ရက်မှ ၂-၅-၂၀၂၃ ရက်အထိ(ရုံးချိန်အတွင်း) |
| (ဂ) | **တင်ဒါရောင်းချ/တင်သွင်း ရမည့်နေရာ** | - လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးအမှတ်(၂၃) နေပြည်တော် |
| (ဃ) | **တင်ဒါဖွင့်ဖောက်မည့် ရက်/အချိန်** | - ၈-၅-၂၀၂၃ ရက်၊ သောကြာနေ့ နံနက် ၁၀:၀၀ နာရီ |
| (င) | **ဆက်သွယ်ရမည့်ဖုန်း၊ Website** | - ၀၆၇-၃၄၀၄၂၉၀၊ ၀၆၇-၃၄၀၄၁၇၉ https://www.dsw.gov.mm https://www.moswrr.gov.mm |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## လူမှုဝန်ထမ်းဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ်၊ ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ စက်ကိရိယာနှင့် ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် တင်ဒါများဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | ရေခဲသေတ္တာ(2 DOOR) | (၁)လုံး |
| (ခ) | Smart TV(၅၀") | (၂) လုံး |
| (ဂ) | Desktop Computer | (၁၀)စုံ |
| (ဃ) | Laptop Computer | (၁၀၀)လုံး |
| (င) | Back Up Server | (၁)စုံ |
| (စ) | ပရိဘောဂ | (၇)မျိုး |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့် ရက်၊ အချိန်** | - ၁၈-၄-၂၀၂၃ မှ ၂-၅-၂၀၂၃ ရက်ထိ ၉:၃၀ မှ ၁၆:၃၀ ထိ ရုံးချိန်အတွင်း |
| (ခ) | **တင်ဒါတင်သွင်းရမည့် ရက်** | - ၂၅-၄-၂၀၂၃ မှ ၂-၅-၂၀၂၃ ရက်ထိ ၉:၃၀ မှ ၁၆:၃၀ ထိ ရုံးချိန်အတွင်း |
| (ဂ) | **တင်ဒါတင်သွင်းရမည့် နေရာ** | - လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော် |
| (ဃ) | **တင်ဒါဖွင့်ဖောက်မည့် ရက်၊ အချိန်** | - ၈-၅-၂၀၂၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၁၃:၀၀ နာရီ |
| (င) | **ဆက်သွယ်ရမည့်ဖုန်း၊ Website** | - ၀၆၇-၃၄၀၄၆၇၉၊ ၀၆၇-၃၄၀၄၁၇၉ https://www.dsw.gov.mm https://www.moswrr.gov.mm |

**တင်ဒါကော်မတီ**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တိုးချဲ့(၄) ရပ်ကွက်၊ မြလမ်း၊ အမှတ်(၂၁)ဟု ခေါ်တွင်သော အလျား(၂၅)ပေ x အနံ(၅၀)ပေ အကျယ်ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ကျင်ငွေ ၁၂/မဂဒ(နိုင်)၀၂၀၆၄၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးထက် ၁၂/မဂဒ(နိုင်) ၁၅၆၃၆၆ မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်မည့်သူ ကိုယ်တိုင်ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးထက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှသက်ထွေး( LL.B) တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၁၀၅၀(၂၈-၇-၂၀၁၆)**
**ရုံး-ရှေ့နေများနားနေခန်း၊ တရားရုံးဝင်းအတွင်း၊ မင်္ဂလာဒုံမြို့နယ်**
**ဖုန်း-၀၉-၇၉၀၉၂၀၀၄၇**

- ❖ နိုင်ငံရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကာ အုပ်ချုပ်ရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်...
- ❖ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)သည်လည်း အစိုးရနှင့် EAO များအကြား၊ နိုင်ငံတကာအဖွဲ့အစည်းများအကြားထားရှိခဲ့သည့် ကတိကဝတ်ဖြစ်...
- ❖ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရာတွင်လည်း အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့...
- ❖ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၂/၂၀၂၃)တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

# မဟာသင်္ကြန် အတက်နေ့တွင် နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ဖျော်ဖြေရေးအစီအစဉ်များ ပိုမိုမြိုင်ဆိုင်ခဲ့ပြီး လာရောက်ရေကစားကြသူများဖြင့် စည်ကား



နေပြည်တော် ဧပြီ ၁၆

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် သင်္ကြန်အတက်နေ့သို့ ရောက်ရှိခဲ့ပြီ။ ပြည်သူများအတွက် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၏ ဖျော်ဖြေတင်ဆက်မှုများနှင့် ရေကစားခြင်း အစီအစဉ်များက အားလျော့မသွားခဲ့ဘဲ ပို၍ပင်မြိုင်ဆိုင်လာသည်။ ဖျော်ဖြေရေးအဖွဲ့များ အားလုံးကလည်း တက်တက်ကြွကြွ ပါဝင်တင်ဆက်၍ မင်္ဂလာနှစ်သစ်ကို ပျော်ရွှင်မှုများနှင့်အတူ ကြိုဆိုနေကြသည်။

မြို့တော်ဝန်မဏ္ဍပ်မှ ပျံ့လွင့်လာသည့် နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များ၏ သင်္ကြန်တေးသံသာများက မဏ္ဍပ်တစ်ခွင်လုံးကိုပင် လွှမ်းခြုံ၍နေလေသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❖

ယနေ့ ဖတ်စရာ


မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်အတက်နေ့ ပျော်ရွှင်စည်ကား မြင်ကွင်းပုံရိပ်များ — ဓာတ်ပုံမြင်ကွင်း စာ ၁၈



ဂျာမနီနိုင်ငံရှိ နောက်ဆုံး နျူကလီးယား ဓာတ်အားပေး စက်ရုံများ ပိတ်သိမ်း — နိုင်ငံတကာသတင်း စာ ၁၃



ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း ဝက်စ်ဟမ်းကို သရေကျခဲ့သည့် အာဆင်နယ် — အားကစားသတင်း စာ ၂၆